ATHAN အသံ

# မြန်မာ့တော်လှန်ရေးကာလ
# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

ဥ ပ ဒေ ပြု ဌာန်း ချက် နှင့်  လက် တွေ့ ကွာ ဟ ချက်

ဖေဖော်ဝါရီလ၊ ၂၀၂၃ခုနှစ်။



အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှု အဖွဲ့ မှ

ဖေဖော်ဝါရီလ၊ ၂၀၂၆ခုနှစ်တွင် ထုတ်ဝေသည်။

# မြန်မာ့တော်လှန်ရေးကာလ
# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

ဥ ပ ဒေ ပြု ဌာန်း ချက် နှင့် လက် တွေ့ ကွာ ဟ ချက်

www.athanmyanmar.org

မျက်နှာဖုံးဓါတ်ပုံ – ပြေကျော်အောင်

# မာတိကာ


**၁။ မိတ်ဆက်...... 3**
**၂။ နောက်ခံအကြောင်းအရာ...... 5**
၂.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများ...... 5
၂.၂။ မြန်မာနိုင်ငံ၏ တော်လှန်ရေးကာလ အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာ မူဘောင်များ...... 6
၂.၃။ သုတေသနရည်ရွယ်ချက်...... 6
**၃။ သုတေသန နည်းနာ...... 8**
၃.၁။ အချက်အလက် ကောက်ယူခြင်း...... 8
၃.၂ အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း (Data Analysis)...... 10
၃.၃။ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ...... 11
**၄။ သုတေသန အကန့်အသတ်များနှင့် စိန်ခေါ်မှုများ...... 12**
**၅။ ဒေသအလိုက် လေ့လာတွေ့ရှိချက်များ...... 14**
၅.၁။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) - စံနှုန်းဆိုင်ရာ အခြေခံမူဘောင်...... 14
၅.၁.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အဓိပ္ပါယ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုမှု ရှိသော် လည်း သီးခြားအာမခံမှု အားနည်းခြင်း...... 14
၅.၁.၂။ တသီးပုဂ္ဂလ လွတ်လပ်ခွင့်ထက် စုပေါင်းအခွင့်အရေးကို ဦးစားပေးခြင်း...... 15
၅.၁.၃။ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု၏ ယေဘုယျသဘောနှင့် အခွင့်အရေး များကို ဖော်ပြရာတွင် ရှင်းလင်းမှုမရှိခြင်း...... 15
၅.၁.၄။ လုံခြုံရေးအကြောင်းပြချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်မှု...... 17
၅.၁.၅။ သုံးသပ်ချက်...... 18
၅.၂။ ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ...... 18
၅.၂.၁။ နိုင်ငံတကာ စံတန်ဖိုးများကို ယေဘုယျသာ ရည်ညွှန်းထားခြင်း...... 19
၅.၂.၂။ လုံခြုံရေး အကြောင်းပြချက်ဖြင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုကို ထိန်းချုပ်ခြင်း...... 19
၅.၂.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့မြေပြင်အခြေအနေကွာဟချက်...... 20
၅.၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအခြေခံဥပဒေ...... 21
၅.၃.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တရားဝင်အသိအမှတ်ပြုမှုနှင့် မရှင်းလင်းသော ကန့်သတ်ချက်များ. 21
၅.၃.၂။ လုံခြုံရေး အကြောင်းပြချက်ဖြင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုကို ထိန်းချုပ်ခြင်း...... 22
၅.၃.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့မြေပြင်အခြေအနေကွာဟချက်...... 24
၅.၄။ မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ...... 26
၅.၄.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ တရားဝင်အသိအမှတ်ပြုမှုနှင့် ကျင့်ဝတ် ဆိုင်ရာ ကန့်သတ်ချက်များ 26
၅.၄.၂။ လုံခြုံရေး အကြောင်းပြချက်နှင့် မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း (Self-Censorship)...... 27
၅.၄.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့အကောင်အထည်ဖော်မှုကြား ကွာဟချက် (The Survival Gap)...... 28
၆။ နှိုင်းယှဉ်သုံးသပ်ချက်နှင့် ဆွေးနွေးချက်များ...... 29
၆.၁။ ကန့်သတ်ချက်ပုံစံများ - တသီးပုဂ္ဂလ လွတ်လပ်ခွင့်ကို စုပေါင်း အခွင့်အရေးတွင် ရောထွေးထားခြင်း...... 29
၆.၂။ ပြန်လည်ကန့်သတ်ခြင်း၊ လုံခြုံရေးနှင့် လွတ်လပ်ခွင့် အားပြိုင်မှု...... 30
၆.၃။ ဖွဲ့စည်းပုံများတွင် သက်ဆိုင်သူအားလုံး ပါဝင်နိုင်မှု အားနည်းခြင်း...... 33
၆.၄။ ပါဝင်ခွင့်မရနိုင်ခြင်း၏ နောက်ကွယ်မှ အကြောင်းတရားများနှင့် ကန့်သတ်ချက်များ...... 35
၇။ အကြံပြုချက်များ...... 38
၇.၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ဖက်ဒရယ်ယူနစ်များအတွက်...... 38
၇.၂။ ဒေသဆိုင်ရာ စစ်ရေး/အုပ်ချုပ်ရေး ခေါင်းဆောင်များအတွက်...... 39
၇.၃။ အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအတွက်...... 39
**ကိုးကားချက်များ...... 41**

## အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လူငယ်များမှစုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ *Research Team For Telecommunications Law* နှင့် *We Support Journalists* အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အသံသည် အဓိကဦးတည်ချက် *(၃)* ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေး ခြင်းတို့မှတဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသန အခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။ သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဥ်ဖြစ်ရပ်များကို စဥ်ဆက် မပြတ်လေ့လာ ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီ စံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက် လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာ အဆင့်အလိုက်၊ ကဏ္ဍအလိုက်စည်းရုံးလှုံ့ဆော် ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော *Human Rights Tulip Award* ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

## ၁။ မိတ်ဆက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ သမိုင်းကြောင်းတွင် အချိုးအကွေ့ကြီးတခု ဖြစ်စေခဲ့သည်။ မြန်မာစစ်တပ်၏ အာဏာသိမ်းယူမှုသည် ထိုစဉ်က တည်ဆဲဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မ (၄၁၇)နှင့် (၄၁၈)[1] တို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကာ ဥပဒေကို ကာကွယ်စောင့်ရှောက်ရမည့်သူ ကိုယ်တိုင်က ဥပဒေကို ဖောက်ဖျက်ခဲ့သည်။ သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) သည် ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အပြီးတိုင် ဖျက်သိမ်းကြောင်း[2] (ကြေညာချက်အမှတ် ၂/၂၀၂၁ ဖြင့်) တရားဝင် ကြေညာခဲ့သည်။

ဤဆုံးဖြတ်ချက်သည် အာဏာသိမ်းမှုကို ဖွဲ့စည်းပုံနှင့်အညီ ထိန်းသိမ်းခြင်းဖြစ်သည် ဟူသည့် စစ်ကောင်စီ၏ ဇာတ်ကြောင်းကို ဥပဒေကြောင်းအရ ပယ်ဖျက်လိုက်ခြင်းလည်း ဖြစ်သည်။ သို့သော် အခြားတဖက်တွင် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံဥပဒေမဲ့သွားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကွက်လပ်ကို ဖြစ်ပေါ်စေခဲ့သည်။ တရားဥပဒေ စိုးမိုးရေးနှင့် အုပ်ချုပ်ရေး ယန္တရားများ ယိုယွင်းပျက်စီးမသွားစေရန်နှင့် တော်လှန်ရေး၏ တရားဝင်မှုကို တည်ဆောက်ရန်အတွက် ဤကွက်လပ်ကို အစားထိုး ဖြည့်ဆည်းရန် အရေးတကြီးလိုအပ် လာသည်။

ဤလိုအပ်ချက်အရ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (Federal Democracy Charter - FDC) ကို စစ်အာဏာသိမ်းပြီးနောက် ပေါ်ထွက်လာသည့် တော်လှန်ရေးအစုအဖွဲ့များက ၂၀၂၁ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။ ဤပဋိညာဉ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နေရာတွင် အစားထိုးလိုက်သည့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောသက်ရောက်သည့် အမြင့်ဆုံး ဥပဒေမူဘောင်ဖြစ်လာသည်။ ထို့နောက် ၂၀၂၃ ခုနှစ်မှစတင်၍ တော်လှန်ရေးနယ်မြေ ဒေသအသီးသီးကလည်း ကြားကာလနိုင်ငံရေး အစီအမံများကို ရေးဆွဲပြဋ္ဌာန်းလာကြသည်။ ပထမဆုံးအနေဖြင့် ကရင်နီပြည်၏ ကြားကာလ အစီအမံထွက်ပေါ်လာ ပြီးနောက် ချင်းဒေသ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ စစ်ကိုင်း ဖက်ဒရယ် ယူနစ် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မန္တလေးဒေသ ကြားကာလနိုင်ငံရေး အစီအမံ စသည်ဖြင့် အသီးသီး ပေါ်ထွက်လာကြသည်။

ဤကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ၂၀၀၈ ဖွဲ့စည်းပုံ ဖျက်သိမ်းပြီး နောက် ဖြစ်ပေါ်လာသော ဥပဒေကွက်လပ်ကို ဖြည့်ဆည်းပေးရုံသာမက၊ တော်လှန်ရေး

[1] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) စာ ၁၆၇၊ ၁၆၈
[2] https://crphmyanmar.org/publications/statements/crph3103212/

အင်အားစုများ၏ တရားဝင်မှု (Legitimacy)ကို တည်ဆောက်ရာတွင်လည်းကောင်း၊ အနာဂတ်ဖက်ဒရယ်နိုင်ငံတော်ကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် လည်းကောင်း အဓိကအုတ်မြစ်အဖြစ် ပါဝင်နေသည်။ အထူးသဖြင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့အကြား ချုပ်ဆိုထားသော လူမှုပဋိညာဉ် (Social Contract) လည်း ဖြစ်သည်။

စီးပွားရေးပညာရပ်ဆိုင်ရာ နိုဘယ်ဆုရှင်နှင့် အဖွဲ့အစည်းဆိုင်ရာ စီးပွားရေးပညာရှင် Douglass C North က သူ၏ အဖွဲ့အစည်းဆိုင်ရာ သီအိုရီ[3]တွင် နိုင်ငံတနိုင်ငံ၏ အုတ်မြစ်ကို စတင် ချမှတ်ရာတွင် အသုံးပြုခဲ့သည့် စံနှုန်းများသည် ထိုနိုင်ငံ၏ အနာဂတ် နိုင်ငံရေး ပုံသဏ္ဌာန်ကို အဆုံးအဖြတ်ပေးလေ့သည်ဟု အခိုင်အမာဆိုထားသည်။ သို့ဖြစ်ရာ အနာဂတ် ဖက်ဒရယ်ယူနစ်များ၏ အသက်ဝိညာဉ်သဖွယ် ဖြစ်လာမည့် ဤအခြေခံအုတ်မြစ်များ အတွင်း၌ ဒီမိုကရေစီစနစ်၏ အခြေခံလိုအပ်ချက်ဖြစ်သော လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို မည်သို့ ထည့်သွင်းပြဋ္ဌာန်းထားသည်၊ မည်မျှအတိုင်းအတာထိ အာမခံချက် ပေးထားသည်ဆိုသည့်အချက်ကို လေ့လာဆန်းစစ်ရန်မှာ မလွဲမသွေ လိုအပ်လာသည်။

ဤသုတေသနသည် ၂၀၀၈ ဖွဲ့စည်းပုံ ပျက်သုဉ်းပြီးနောက် ပေါ်ထွက်လာသော ဥပဒေ မူဘောင်သစ်များဖြစ်သည့် ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်နှင့် တော်လှန်ရေး အားကောင်းသော ဒေသကြီး (၃) ခုဖြစ်သည့် ကရင်နီပြည်၊ စစ်ကိုင်းဒေသနှင့် မန္တလေးဒေသ တို့၏ ကြားကာလ ဥပဒေစာတမ်းများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မည်သို့ ပြဋ္ဌာန်းထားသည်ကို လေ့လာခြင်းနှင့် လက်တွေ့မြေပြင်တွင် မည်မျှအကာအကွယ် ပေးနိုင် သည်ကို ဆန်းစစ်ခြင်းတို့ကို နှိုင်းယှဉ်လေ့လာထားသည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကျင့်သုံးမှုအကြား ကွာဟချက်များ၊ လုံခြုံရေးကို အကြောင်းပြ၍ ကန့်သတ် ချက်များနှင့် ပြည်သူလူထု၏ မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း ဖြစ်စဉ်များကို ဖော်ထုတ် တင်ပြထားပါသည်။

[3] North, D.C. (1990) *Institutions, institutional change and economic performance*. Cambridge, England: Cambridge University Press.

# ၂။ နောက်ခံအကြောင်းအရာ

## ၂.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (Freedom of Expression) သည် ဒီမိုကရေစီ လူ့ဘောင်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း[4] (UDHR) အပိုဒ် ၁၉နှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားရေးနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်[5] (ICCPR) အပိုဒ် (၁၉) တွင် အတိအလင်း အသိအမှတ်ပြုထားသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုခွင့်တွင် အမြင်နှင့် အယူအဆကို ကိုင်ဆောင်ခြင်း၊ သတင်းအချက်အလက်များကို ရှာဖွေခြင်း၊ လက်ခံရယူခြင်းနှင့် ဖြန့်ချိခြင်း တို့အပြင် သတင်းမီဒီယာ၊ အနုပညာ၊ ပညာရေးနှင့် ဒစ်ဂျစ်တယ် နယ်ပယ်များအတွင်း လွတ်လပ်စွာ ဖော်ပြနိုင်ခွင့်များ အားလုံးကို အကျုံးဝင်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ အပိုဒ် (၁၉) နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးသဘောတူစာချုပ် (ICCPR)နှင့် သက်ဆိုင်သည့် အထွေထွေ ဖွင့်ဆိုချက် အမှတ် (၃၄) (General Comment No. 34)[6] အရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် အခြေအနေများသည် ၁) ဥပဒေပြဋ္ဌာန်းချက်နှင့် အညီဖြစ်ရမည်၊ ၂) ခိုင်လုံသော အကြောင်းပြချက်ရှိရမည်၊ ၃) ကန့်သတ်ချက်သည် မဖြစ်မနေ လိုအပ်ချက်ရှိပြီး အချိုးအစားညီမျှရမည်ဟူသော စံချိန်စံနှုန်းများနှင့် ကိုက်ညီရမည်ဟု သတ်မှတ်ထားသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ ပဋိပက္ခကာလ အခြေအနေကို သုံးသပ်ကြည့်ပါက ဤနိုင်ငံတကာ စံနှုန်းများနှင့် လက်တွေ့ကျင့်သုံးမှုအကြား ကွာဟချက်များရှိနေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ပေါ်ပေါက်လာသော ကြားကာလ နိုင်ငံရေးအစီအမံများနှင့် ဥပဒေမူဘောင် များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထည့်သွင်းအသိအမှတ်မပြုထားခြင်း (သို့မဟုတ်) အသိအမှတ် ပြုထားသော်လည်း မရေရာသော အကြောင်းပြချက် များဖြင့် ပြန်လည် ကန့်သတ်ထားခြင်းများ ရှိနေသည်။ ထို့အပြင် ဥပဒေပြဋ္ဌာန်းချက်များတွင် အတိအလင်း ကန့်သတ်ထားခြင်း မရှိသည့်တိုင် မြေပြင်လက်တွေ့တွင် ဒေသန္တရ အမိန့် အာဏာများ၊ ထုတ်ပြန်ချက်များ၊

[4] https://www.un.org/en/about-us/universal-declaration-of-human-rights

[5] https://www.ohchr.org/en/instruments-mechanisms/instruments/international-covenant-civil-and-political-rights

[6] https://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

အကြောက်တရားနှင့် ကောလာဟာလများအပေါ် အခြေခံ ၍ ကန့်သတ်ပိတ်ပင်မှုများ ရှိနေကြောင်း တွေ့ရှိရသည်။

## ၂.၂။ မြန်မာနိုင်ငံ၏ တော်လှန်ရေးကာလ အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာ မူဘောင်များ

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) သည် ဗဟိုအဆင့် ကြားကာလအစီအမံဖြစ်သော်လည်း၊ လက်တွေ့ မြေပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကိစ္စရပ်များကိုမူ ဒေသအသီးသီးမှ ပြဋ္ဌာန်းထားသော ကြားကာလ နိုင်ငံရေး အစီအမံများ (Interim Arrangements) နှင့်အညီ ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ဤသုတေသနတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ကွဲပြားခြားနားပုံကို လေ့လာနိုင်ရန်အတွက် အုပ်ချုပ်ရေးပုံစံ မတူညီသော အောက်ပါ ဒေသ (၃) ခုကို နှိုင်းယှဉ်လေ့လာထားသည်။

**ကရင်နီပြည်။** ။ ခိုင်မာအားကောင်းသော တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း (ERO) များ၏ အစဉ်အလာနှင့်အတူ၊ ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) ကဲ့သို့သော ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး ယန္တရားများကို စနစ်တကျ ဖွဲ့စည်းထားရှိပြီး၊ ပြည်နယ်အစိုးရတရပ် သဏ္ဌာန် ကျင့်သုံးနေသော ဒေသဖြစ်သည်။

**စစ်ကိုင်းဒေသ။** ။ လက်နက်ကိုင် တော်လှန်ရေး အားအကောင်းဆုံး ဒေသဖြစ်သော်လည်း၊ ဗဟိုအမိန့်ပေး ကွပ်ကဲမှု စနစ်ထက် မြို့နယ်အလိုက် ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)များ၊ ကာကွယ်ရေးအဖွဲ့များ၏ စုပေါင်းခေါင်းဆောင်မှုနှင့် ဒေသန္တရ လုပ်ပိုင်ခွင့်ကို အားပြုနေရသော ဒေသဖြစ်သည်။

**မန္တလေးဒေသ။** ။ စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား သက်ရောက်မှုရှိနေဆဲဖြစ်ပြီး၊ တော်လှန်ရေး အင်အားစုများအနေဖြင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို စင်ပြိုင်ဖော်ဆောင်နေရသော ဒေသဖြစ်သည်။

ဤကဲ့သို့ ကွဲပြားခြားနားသော အုပ်ချုပ်ရေးနှင့် ဥပဒေရေးရာ နောက်ခံအခြေအနေများက လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာခြင်းဖြင့်၊ အနာဂတ် ဖက်ဒရယ်ယူနစ်များ တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် မူဝါဒဆိုင်ရာ အားနည်းချက်နှင့် အားသာချက်များကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

## ၂.၃။ သုတေသနရည်ရွယ်ချက်

အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေး၏ အုတ်မြစ်ဟု ခေါ်ဆိုနိုင်သည့် တော်လှန်ရေး ကာလအတွင်း ပေါ်ပေါက်လာသော ဥပဒေမူဘောင်များနှင့် ကြားကာလ

အုပ်ချုပ်ရေး ယန္တရားများအောက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (Freedom of Expression) ကို မည်မျှအတိုင်းအတာထိ အကာအကွယ် ပေးထားသည်ကို လေ့လာရန်နှင့် လက်တွေ့ မြေပြင်တွင် ကြုံတွေ့နေရသော ကန့်သတ်ချက်များ၊ စိန်ခေါ်မှုများကို ဆန်းစစ်ရန် ယေဘုယျ အားဖြင့် ရည်ရွယ်သည်။

ဤသုတေသနကို အောက်ပါ ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ထားပါသည်။ -

၁။ ဥပဒေမူဘောင်များကို ဆန်းစစ်ရန်။ ။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့် ဒေသဆိုင်ရာ (ကရင်နီ၊ စစ်ကိုင်း၊ မန္တလေး) ကြားကာလ နိုင်ငံရေးအစီအမံများတွင် ပါရှိသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နိုင်ငံ တကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာဆန်းစစ်ရန်။

၂။ မြေပြင်လက်တွေ့ အခြေအနေကို ဖော်ထုတ်ရန်။ ။ လုံခြုံရေး အကြောင်း ပြချက်၊ ဒေသန္တရ အမိန့်အာဏာများနှင့် စစ်ရေးပဋိပက္ခများကြောင့် သတင်းမီဒီယာများနှင့် ပြည်သူလူထုအပေါ် သက်ရောက်နေသော ကန့်သတ်ချက်များကို လေ့လာ ဖော်ထုတ်ရန်။

၃။ ကွာဟချက်များကို နှိုင်းယှဉ်လေ့လာရန်။ ။ စာရွက်ပေါ်ရှိ ဥပဒေပြဋ္ဌာန်းချက်များ နှင့် လက်တွေ့ မြေပြင် ကျင့်သုံးမှုများအကြား ကွာဟချက်များ နှင့် ယင်းကွာဟချက် ဖြစ်ပေါ်စေသော အဓိက အကြောင်းရင်း များကို နှိုင်းယှဉ်လေ့လာရန်။

၄။ မူဝါဒဆိုင်ရာ အကြံပြုချက်များ တင်ပြရန်။ ။ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်ရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုခိုင်မာစွာ ကာကွယ် ပေးနိုင်မည့် မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြံပြုချက်များကို အမျိုးသား ညီညွတ်ရေး အစိုးရ၊ ဖက်ဒရယ်ယူနစ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများထံ တင်ပြရန်။

# ၃။ သုတေသန နည်းနာ

ဤသုတေသနကို ပြုစုရေးသားရာတွင် ဥပဒေဆိုင်ရာ ပြဌာန်းချက်များနှင့် မြေပြင်ကျင့်သုံးမှုများကို နားလည်နိုင်ရန် အရည်အသွေးဦးစားပေး သုတေသန (Qualitative Research) နည်းလမ်းကို အဓိက အသုံးပြုထားပါသည်။

လေ့လာမှုတွင် ဖြစ်ရပ်လေ့လာမှုနှင့် ဒေတာရင်းမြစ်အမျိုးမျိုးမှ အချက်အလက်များကို စုဆောင်း၍ တိုက်ဆိုင်စစ်ဆေးခြင်း နည်းလမ်းကို အသုံးပြု ထားသည်။ သုတေသနပြုလုပ်ရာတွင် အောက်ပါ အချက် အလက်များကို တချိန်တည်း ကောက်ယူခဲ့ပြီး၊ ရရှိလာသော ရလဒ်များကို တိုက်ဆိုင် စစ်ဆေးခြင်း ပြုလုပ်ခဲ့သည်။

၁။ **စာတမ်းအချက်အလက်များ လေ့လာခြင်း။ ။** ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) နှင့် ကရင်နီပြည်၊ စစ်ကိုင်းဒေသ၊ မန္တလေးဒေသတို့၏ ကြားကာလနိုင်ငံရေး အစီအမံများ၊ ဥပဒေမူ ကြမ်းများကို လေ့လာခြင်း။

၂။ **မြေပြင်အချက်အလက်များ လေ့လာခြင်း။ ။** သက်ဆိုင်ရာ ဒေသများရှိ ဒေသခံများ၊ မီဒီယာသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိ သူများကို အင်တာဗျူးခြင်းနှင့် သီးသန့်စကားဝိုင်း ဆွေးနွေးခြင်း (FGD)။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို သတင်းမီဒီယာများတွင် စောင့်ကြည့်ခြင်း။

ဤနည်းလမ်းနှစ်ခုမှ ရရှိသော အချက်အလက်များကို ပေါင်းစပ်၍ ဥပဒေစာရွက်ပေါ်ရှိ အခွင့်အရေးနှင့် မြေပြင်လက်တွေ့အခြေအနေကြား ကွာဟချက်ကို ဖော်ထုတ်ထားသည်။

## ၃.၁။ အချက်အလက် ကောက်ယူခြင်း

ဒုတိယအဆင့် အချက်အလက် (Secondary Data) ဥပဒေရေးရာ မူဘောင်များကို ဆန်းစစ်ရန်အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (အပိုင်း-၁နှင့် ၂)၊ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီ (IEC) ၏ ကြားကာလအစီအမံနှင့် ညွှန်ကြားချက်များ၊ စစ်ကိုင်းဖက်ဒရယ် ယူနစ်၏ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံတို့ကို အသုံးပြုခဲ့သည်။

ဇယား ၁။ စာတမ်းအချက်အလက် အကျဉ်းချုပ်

| စာတမ်းအမျိုးအစား | စာတမ်းအမည် | ထုတ်ပြန်သူ | ထုတ်ပြန်သည့်နှစ် | သုံးစွဲသည့် ကဏ္ဍ |
|---|---|---|---|---|
| **ပဋိညာဉ်** | ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် | အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ | ၂၀၂၂ | အခြေခံမူဘောင် |
| **ကြားကာလ အစီအမံ** | ကရင်နီပြည်၏ ကြားကာလ အစီအမံ | ကရင်နီပြည် အတိုင်ပင်ခံ ကောင်စီ | ၂၀၂၃ (၂၀၂၄အောက်တိုဘာလတွင် ပြင်ဆင်ဖြည့်စွက် ထား) | ဒေသဆိုင်ရာ အုပ်ချုပ်ရေး |
| **ကြားကာလ ဖွဲ့စည်းပုံ** | စစ်ကိုင်းဖက်ဒရယ် ယူနစ် ကြားကာလ အခြေခံဥပဒေ | စစ်ကိုင်းဖက်ဒရယ် ယူနစ်လွှတ်တော် | ၂၀၂၅ | ဖွဲ့စည်းပုံအခြေခံဥပဒေ |
| **ကြားကာလ အစီအမံ** | မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ | မန္တလေးတိုင်း လွှတ်တော် | ၂၀၂၅ | ဒေသဆိုင်ရာ အုပ်ချုပ်ရေး |

ပထမအဆင့် အချက်အလက် (Primary Data) လက်တွေ့ မြေပြင်အသံများကို ရယူရန်အတွက် အဓိက သက်ဆိုင်သူတဦးချင်း မေးမြန်းခြင်းနှင့် သီးသန့်စကားဝိုင်း ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး တဦးချင်းမေးမြန်းခြင်းအတွက် သက်ဆိုင်ရာ ဥပဒေ သက်ရောက်ရာ ဒေသတွင် နေထိုင်သည့် သတင်းမီဒီယာသမားများ၊ ဒေသခံများ၊ တက်ကြွလှုပ်ရှားသူများကို မေးမြန်းခဲ့သည်။ သီးသန့်စကားဝိုင်း ဆွေးနွေးခြင်း (Focus Group Discussions - FGD)တွင် ကြားကာလ အစီအမံများ ရေးဆွဲရာတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခဲ့ကြသော ဥပဒေ ပညာရှင်များနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးသူများ ပါဝင်ဆွေးနွေးခဲ့သည်။ လုံခြုံရေး အခြေအနေအရ အင်တာဗျူးများကို Zoom နှင့် Signal ကဲ့သို့သော ဒစ်ဂျစ်တယ် ပလက်ဖောင်းများမှတဆင့် ပြုလုပ်ခဲ့ပြီး သီးသန့်စကားဝိုင်း ဆွေးနွေးခြင်းကို လူတွေ့ပြုလုပ်ခဲ့ပါသည်။

ဇယား ၂။ အင်တာဗျူးနှင့် သီးသန့်စကားဝိုင်းဆွေးနွေးခြင်း အချက်အလက် အကျဉ်းချုပ်

| အချက်အလက် အမျိုးအစား | ပါဝင်သူ အရေအတွက် | ပါဝင်သူအမျိုးအစား | ဒေသ |
|---|---|---|---|
| သက်ဆိုင်သူ တဦးချင်း အင်တာဗျူး မေးမြန်းမှု | (၆) ဦး | သတင်းစာ သင်တန်းဆရာ၊ လွတ်လပ်သည့် သတင်းမီဒီယာ ကောင်စီ အဖွဲ့ဝင်၊ သတင်းစာဆရာ၊ တက်ကြွလှုပ်ရှားသူ၊ စစ်ရှောင်ဒေသခံ။ | ကရင်နီ၊ စစ်ကိုင်း။ |
| သီးသန့်စကားဝိုင်းဆွေး နွေးခြင်း | (၄) ဦး | ဥပဒေပညာရှင်၊ ကြားကာလအစီအမံများ ရေးဆွဲရာတွင် နည်းပညာပိုင်းဆိုင်ရာ ထောက်ကူခဲ့သူ။ | ကရင်နီ၊ မန္တလေး။ |

ဤသုတေသန၏ အင်တာဗျူးများနှင့် သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဖြေဆိုသူများကို ရွေးချယ်ရာ၌ ရည်ရွယ်ချက်ဖြင့် ရွေးချယ်ခြင်း (Purposive Sampling) နည်းစနစ်ကို အသုံးပြုခဲ့ပါသည်။ သုတေသနခေါင်းစဉ်နှင့် တိုက်ရိုက်သက်ဆိုင်သော အတွေ့အကြုံရှိသူများ (ဥပမာ - သတင်းလွတ်လပ်ခွင့် ချိုးဖောက်ခံရဖူးသူများ၊ မူဝါဒရေးဆွဲရာတွင် ပါဝင်သူများ)ကို ဦးတည်ရွေးချယ်ခဲ့သည်။ ထို့အပြင် ဆင့်ပွားညွှန်းဆိုရွေးချယ်ခြင်း (Snowball Sampling) နည်းလမ်းကိုလည်း အသုံးပြု၍ လက်လှမ်းမီရန် ခက်ခဲသော မြေပြင် သတင်းရင်းမြစ်များကို ချိတ်ဆက်ခဲ့ပါသည်။

## ၃.၂ အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း (Data Analysis)

ရရှိလာသော အချက်အလက်များကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာခဲ့သည်။

၁။ ဥပဒေရေးရာ နှိုင်းယှဉ်လေ့လာခြင်း (Comparative Legal Analysis): ဒေသဆိုင်ရာ ဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် နှိုင်းယှဉ်၍ အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်ခြင်း။

၂။ အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာခြင်း (Thematic Analysis): အင်တာဗျူးနှင့် FGD မှ ရရှိသော အချက်အလက်များကို အမှတ်အသား(Coding) ပြုလုပ်ကာ အဓိက ခေါင်းစဉ်ကြီးများ (Themes) အဖြစ် စုစည်းခဲ့သည်။ (ဥပမာ - လုံခြုံရေး အကြောင်းပြချက်၊ မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း၊ ဥပဒေကွက်လပ် စသဖြင့်)။

အချက်အလက် ခွဲခြမ်းစိတ်ဖြာရာတွင် အင်တာဗျူးနှင့် သီးသန့်စကားဝိုင်း ဆွေးနွေးခြင်းမှ ရရှိသည့် အချက်အလက်များကို အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာခြင်း (Thematic Analysis) နည်းလမ်းဖြင့် အမှတ်အသားပြုခြင်း (Coding) ပြုလုပ်ခဲ့ သည်။ အမှတ်အသား ပြုခြင်းလုပ်ငန်းစဉ်အတွင်း အမှတ်အသား မှတ်စုများ (Coding Memo) စုစည်းခြင်း၊ အမှတ်အသားများအကြား ဆက်နွယ်မှုများကို ပြန်လည် စိစစ်ခြင်းနှင့် တွေ့ရှိချက်အကြောင်းအရာများကို စနစ်တကျ ပြန်လည်စီစဉ်ရန်အတွက် Google NotebookLM ကို အထောက်အကူပြု ကိရိယာအဖြစ် အသုံးပြုခဲ့သည်။ သို့ရာတွင် အဓိက သဘောတရားဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အကြောင်းအရာ သတ်မှတ်ခြင်းနှင့် ဘာသာပြန်ချက်များကို သုတေသန ပြုလုပ်သူ ကိုယ်တိုင်ကသာ ဆောင်ရွက်ခဲ့သည်။

## ၃.၃။ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ

ဤသုတေသနသည် ပဋိပက္ခဒေသများနှင့် ထိလွယ်ရှလွယ်သော နိုင်ငံရေး အကြောင်းအရာများကို လေ့လာခြင်း ဖြစ်သဖြင့် ထိခိုက်မှု မရှိစေရေး (Do No Harm) မူဝါဒကို အပြည့်အဝ လိုက်နာခဲ့သည်။ သက်ဆိုင်သူတဦးချင်း မေးမြန်းခြင်းနှင့် သီးသန့် စကားဝိုင်း ဆွေးနွေးခြင်းတို့တွင် ပါဝင်သူများ၏ လုံခြုံရေးအတွက် အမည်၊ နေရပ်လိပ်စာနှင့် တာဝန်ယူထားသော ရာထူးများကို ထည့်သွင်းဖော်ပြခြင်းမပြုဘဲ လျှို့ဝှက်ကုဒ်များဖြင့်သာ ဖော်ပြထားသည်။ အင်တာဗျူးနှင့် သီးသန့်စကားဝိုင်း ဆွေးနွေးမှုတွင် ပါဝင်သူများအားလုံး ထံမှ ကြိုတင်သဘောတူညီချက် (Informed Consent) ရယူပြီးမှသာ မေးမြန်းခြင်းကို ပြုလုပ်ခဲ့သည်။

## ၄။ သုတေသန အကန့်အသတ်များနှင့် စိန်ခေါ်မှုများ

ဤသုတေသနကို ပြုလုပ်ရာတွင် လက်ရှိမြန်မာနိုင်ငံ၏ ပဋိပက္ခအခြေအနေနှင့် မြေပြင် ၏အခက်အခဲများကြောင့် အကန့်အသတ်များနှင့် စိန်ခေါ်မှုတချို့ ရှိခဲ့သည်။ ပထမဦးဆုံး အကန့်အသတ်မှာ ၂၀၂၅ ခုနှစ်သည် စစ်ရေး ပဋိပက္ခ ပြင်းထန်ခဲ့သည့် ကာလဖြစ်သဖြင့် မြေပြင်သို့ ကိုယ်တိုင် သွားရောက်၍ အချက်အလက် ကောက်ယူနိုင်ခြင်း မရှိခဲ့ခြင်းဖြစ်သည်။ ဤအကန့်အသတ်ကြောင့် သီးသန့်စကားဝိုင်း ဆွေးနွေးခြင်းမှလွဲ၍ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ် အားလုံးကို အွန်လိုင်းနည်းလမ်းဖြင့်သာ ဆောင်ရွက်ခဲ့ရသည်။

ဒုတိယတချက်မှာ အင်တာနက်နှင့် ဆက်သွယ်ရေးအခက်အခဲဖြစ်သည်။ လေ့လာမှု ပြုလုပ်သည့် ဒေသအများစုကို စစ်တပ်က အင်တာနက်နှင့် လျှပ်စစ်မီး ဖြတ်တောက်ထားသည်။ တော်လှန်ရေး အင်အားစုများဘက်မှလည်း Starlink အင်တာနက်လိုင်းများကို ကန့်သတ်ပိတ်ပင်မှုများ ရှိခဲ့သည်။ ဤအခြေအနေများကြောင့် အင်တာဗျူးများ ပြုလုပ်ရာတွင် အချိန်ကြန့်ကြာခြင်း၊ လိုင်းပြတ်တောက်၍ ဆက်သွယ်မှု ရပ်ဆိုင်းသွားခြင်းများ ကြုံတွေ့ခဲ့ရပြီး အချက်အလက် စီးဆင်းမှုကို အဟန့်အတား ဖြစ်စေခဲ့သည်။ ထို့အပြင် အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများသည် အများသုံး Starlink အင်တာနက်ဆိုင်များမှ အင်တာနက်ကို အသုံးပြုပြီး ပါဝင်ဖြေဆိုရသဖြင့် အချို့သော မေးခွန်းများကို လွတ်လပ်စွာ ဖြေကြားနိုင်ခဲ့ခြင်းမရှိပါ။

သုတေသနတွင် ပါဝင်သူများ၏ လုံခြုံရေးနှင့် အမည်မဖော်ပြရေးကို အာမခံထားသော်လည်း၊ လက်ရှိ နိုင်ငံရေး အခြေအနေအရ အကြောက်တရား လွှမ်းမိုးနေဆဲ ဖြစ်သည်။ ဖြေဆိုသူအချို့သည် စစ်တပ်ကိုသာမက ဒေသခံတော်လှန်ရေး အာဏာပိုင်များကိုပါ ဝေဖန်ရန် စိုးရိမ်ကြပြီး၊ ၎င်းတို့ လုံခြုံရေးအတွက် ဘေးကင်းသော အဖြေများကိုသာ ပေးကောင်းပေးနိုင်ပါသည်။ ဖြေဆိုသူတို့၏ မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း အခြေအနေသည် ရရှိလာသော အချက်အလက်များ၏ နက်ရှိုင်းမှုကို အတိုင်းအတာတခုအထိ သက်ရောက်မှု ရှိနိုင်ပါသည်။

ထို့အပြင် အချက်အလက် ကောက်ယူခြင်းကို ဒစ်ဂျစ်တယ် ပလက်ဖောင်းများ (Zoom, Signal) မှတဆင့် ပြုလုပ်ရသည့် အတွက် အင်တာနက် လက်လှမ်းမီသူများ၊ ဒစ်ဂျစ်တယ် နည်းပညာ ကျွမ်းကျင်သူများနှင့် မြို့ပြနှင့် နီးစပ်သူများသာ ပါဝင်နိုင်ခဲ့သည်။ အင်တာနက် လုံးဝ ပြတ်တောက်နေသော ဒေသများမှ လူထုအသံကို အပြည့်အဝ ကိုယ်စား မပြုနိုင်သည့် အားနည်းချက် ရှိနိုင်ပါသည်။

နောက်ဆုံးအကန့်အသတ်အနေဖြင့် ကြားကာလ နိုင်ငံရေးအစီအမံများနှင့် ဥပဒေမူကြမ်းများသည် အတည်တကျ မဟုတ်သေးဘဲ အချိန်နှင့်အမျှ ပြုပြင်ပြောင်းလဲနေသော စာတမ်း (Living Documents)များ ဖြစ်ကြသည်။ ထို့ကြောင့် ဤသုတေသန၏ တွေ့ရှိချက်များသည် သုတေသနပြုလုပ်ခဲ့သည့် ကာလ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဦးကာလ အခြေအနေကိုသာ ထင်ဟပ်နိုင်ပြီး၊ နောင်အနာဂတ်တွင် ပြောင်းလဲသွားမည့် မူဝါဒများနှင့် ကွဲလွဲမှုများ ရှိလာနိုင်ပါသည်။

# ၅။ ဒေသအလိုက် လေ့လာတွေ့ရှိချက်များ

## ၅.၁။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) - စံနှုန်းဆိုင်ရာ အခြေခံမူဘောင်

ဤသုတေသနတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC - National Unity Consultative Council) က အတည်ပြုထားသော ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် (FDC) ကို တော်လှန်ရေးကာလ ကြားကာလအုပ်ချုပ်ရေး စီမံချက်များ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆန်းစစ်ရန် အခြေခံမူဘောင် (Normative Baseline) အဖြစ် သတ်မှတ်အသုံးပြုထားသည်။ ၂၀၂၁ အာဏာသိမ်းမှု ပြီးနောက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ် သွားခဲ့ရာ ဥပဒေရေးရာ ဟာကွက် မဖြစ်ပေါ်စေရန်နှင့် တော်လှန်ရေး အင်အားစုများအကြား နိုင်ငံရေး သဘောတူညီချက် ရယူနိုင်ရန် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်ကို ပြဋ္ဌာန်းခဲ့သည်။

ဤအပိုင်းတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများအပေါ် အခြေခံထားသည့် အခြေခံမူဘောင် (Normative Baseline) အဖြစ် သတ်မှတ်ကာ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို မည်သို့ အသိအမှတ်ပြုထားကြောင်း နှင့် ထိုအသိအမှတ်ပြုမှုများသည် ဒေသအလိုက် လေ့လာမှုများအတွက် မည်သို့သော စံနှုန်းအဖြစ် အသုံးပြုနိုင်သည်ကို လေ့လာဆန်းစစ်ထားသည်။

### ၅.၁.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အစိပ္ပါယ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုမှု ရှိသော် လည်း သီးခြားအာမခံမှု အားနည်းခြင်း

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် အခြေခံလူ့အခွင့်အရေးများ၊ တန်းတူညီမျှမှုနှင့် မခွဲခြားဆက်ဆံရေးကို အခြေခံ တန်ဖိုးများအဖြစ် ထည့်သွင်းထားပြီး၊ နိုင်ငံသားတိုင်းသည် လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှုတို့အပေါ် မခွဲခြားဘဲ အခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း ဖော်ပြထားသည်။ ဤအချက်အလက်များသည် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများ (ဥပမာ - ICCPR) နှင့် အခြေခံသဘောတရား အဆင့်တွင် ကိုက်ညီမှုရှိကြောင်း ပြသနေသည်။

သတင်းမီဒီယာ လွတ်လပ်ခွင့်၊ သတင်းရယူပိုင်ခွင့်နှင့် လွတ်လပ်စွာ သတင်းတင်ပြ ပိုင်ခွင့်တို့ကို အကာအကွယ်ပေးရမည်ဟု ဖော်ပြထားသော်လည်း၊ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို လူတဦးချင်း၏ သီးခြားအခွင့်အရေးအဖြစ် စနစ်တကျ သတ်မှတ်ဖွဲ့စည်း ထားခြင်း မတွေ့ရပါ။

### ၅.၁.၂။ တသီးပုဂ္ဂလ လွတ်လပ်ခွင့်ထက် စုပေါင်းအခွင့်အရေးကို ဦးစားပေးခြင်း

လူတဦးချင်းစီ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် အတိအကျထည့်သွင်း ဖော်ပြထားခြင်း မရှိသော်လည်း ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများတွင် "ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သူများသည် မိမိတို့ လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုခွင့် သင်ကြားပိုင်ခွင့်၊ တိုးတက် ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်"[7]ဟု ဖော်ပြထားသည်။

၎င်းအချက်ကို သီးသန့်စကားဝိုင်းဆွေးနွေးခြင်း (Focused Group Discussion) တွင်လည်း တွေ့ရှိရပြီး လူအုပ်စု အခွင့်အရေးများ (Collective Rights) ကိုသာ ဦးစားပေး စဉ်းစားထည့်သွင်းထားကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို သီးသန့်ရည်ညွှန်း ထားခြင်းမရှိဟုဆိုသည်။

"ဖက်ဒရယ်ချာတာကို စပြီး စဉ်းစားတဲ့အခါတုန်းက လူအုပ်စုအလွှာတွေပေါ်မှာ အခြေခံ ပြီးတော့ စဉ်းစားခဲ့ကြတာ ဖြစ်တယ်။ လယ်သမား၊ လူငယ်၊ အမျိုးသမီး၊ မီဒီယာနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးများဆိုတဲ့ အခြေခံကနေ စဉ်းစားတာထက် လူအုပ်စုတွေဆိုတဲ့ အခြေခံကနေ စဉ်းစားပြီးတော့ ပိုပြီးတော့ လူအုပ်စုများများကို ဘယ်လို စည်းရုံး စုစည်းနိုင်မလဲဆိုတဲ့ အခြေခံကနေ စဉ်းစားခဲ့ကြတာ ပိုများတယ်"[8] ဟု ရေးဆွဲရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သူတဦးက သီးသန့်စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်။

ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လူ့အခွင့်အရေးတခုအဖြစ် အယူအဆအဆင့်တွင် လက်ခံထားသော်လည်း၊ နိုင်ငံတကာစံ ချိန်စံနှုန်းများအတိုင်း သီးခြားအာမခံချက်များနှင့် ကန့်သတ်နိုင်သည့်အခြေအနေများကို ထိထိရောက်ရောက် မဖော်ပြထားနိုင်သေးကြောင်း တွေ့ရသည်။

### ၅.၁.၃။ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု၏ ယေဘုယျသဘောနှင့် အခွင့်အရေး များကို ဖော်ပြရာတွင် ရှင်းလင်းမှုမရှိခြင်း

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် "နိုင်ငံတကာ စံချိန်စံနှုန်းများကို လိုက်နာမည်" ဟု ဖော်ပြထားပြီး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဟု ထည့်သွင်း ရေးသားထားသည်။ သို့သော် နိုင်ငံတကာ စံချိန်စံနှုန်းများကို ကိုးကားထားခြင်းမှာ ယေဘုယျဆန်ပြီး၊ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် ပတ်သက်၍ သာမက အခြားသော

---

[7] ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)၊ အခန်း (၄)၊ အပိုင်း (၃)၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

[8] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ပဋိညာဉ်ရေးဆွဲရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သူ

လူ့အခွင့်အရေး စံနှုန်းများကိုလည်း မည်သည့်အခြေအနေတွင် ကန့်သတ်နိုင်သည် ဆိုသည့် စည်းမျဉ်းများကို တိကျစွာ ပြဋ္ဌာန်းမထားပေ။ ထိုကဲ့သို့ တိကျရှင်းလင်းစွာ ဖော်ပြထားမှုမရှိခြင်းသည် လက်တွေ့အကောင်အထည်ဖော်ရာတွင် အာဏာပိုင်များ၏ အမြင်နှင့် လုံခြုံရေး အရေးပေါ်အခြေအနေများအပေါ် မူတည်၍ အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သည်။

"ဒီဥပဒေမူကြမ်းတွေ လုပ်တဲ့အခါတွေမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရဲ့ အခြေခံ အခွင့်အရေး *(၅)* ချက်ကိုတော့ စဉ်းစားကြတယ်။ မစဉ်းစားတာမျိုးတော့ မဟုတ်ဘူး။ ပြီးတော့ လူ့အခွင့်အရေးတွေ၊ နိုင်ငံတကာ ဥပဒေ၊ သဘောတူစာချုပ်တွေ၊ ကြေငြာချက်တွေ အကုန်လုံးကိုတော့ ဒီဆွေးနွေးတဲ့ အချိန်မှာတော့ အကုန်လုံးက ထည့်သွင်းစဉ်းစားတယ်။ ထည့်သွင်း စဉ်းစားပြီးတော့ ပြောရဆိုရလွယ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရဲ့ အခွင့်အရေးတွေ ဥပမာ ဘာသာစကား၊ ယဉ်ကျေးမှုတို့ဆိုရင် ပြောရဆိုရ ပိုလွယ်တဲ့ အနေအထားရှိတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်က များသောအားဖြင့် ဘယ်နေရာမှာ လာချုပ် ကန့်သတ်ချင်ကြလဲဆိုရင်နိုင်ငံရေး နဲ့ဆိုင်တဲ့ အမြင်တွေကိုထုတ်ဖော်တဲ့ ဟာတွေ၊ ပြီးတော့ လူထုက ဒါကို ကြိုက်တယ်၊မကြိုက်ဘူးဆိုတဲ့ ဟာမျိုးကို ထုတ်ဖော်တဲ့အခါဆိုရင် တော်လှန်ရေးနဲ့ ပြန်ပြီးတော့ချုပ်လိုက်တာမျိုးရှိတယ်"[9] ဟု သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ခဲ့သူ ဥပဒေ ပညာရှင်တဦးက ဥပဒေမူကြမ်းများတွင် အခွင့်အရေးများ ထည့်သွင်းရန်နှင့် ပြန်လည် ကန့်သတ်ရန်စဉ်းစားကြပုံကို ဆွေးနွေး ခဲ့သည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံ လူ့အခွင့်အရေးမူဘောင် အတွင်းသာ ဖော်ပြထားခြင်းကြောင့် ဖြစ်ပေါ်လာသည့် မရှင်းလင်းမှုကို ဖြည့်ဆည်းရန်အတွက်၊ FDC ထွက်ပေါ်လာပြီးနောက် (၃) နှစ်ကျော်အကြာ၊ ၂၀၂၄ ခု မေလ (၃) ရက်တွင် "စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် သတင်းမီဒီယာဆိုင်ရာ သဘောထား ရပ်တည်ချက်"[10] ကို အမျိုးသား ညီညွတ်ရေးအစိုးရက ထုတ်ပြန်ခဲ့သည်။ ယင်းစာတမ်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထည့်သွင်းမထားသော်လည်း သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ပြည်သူလူထု၏ သတင်းအချက်အလက် ရယူပိုင်ခွင့်ကို ပိုမိုတိကျစွာ ချိတ်ဆက်ဖော်ပြထားသည်ကို တွေ့ရ သည်။

သို့ရာတွင် ယင်းသဘောထား ရပ်တည်ချက်သည် မူဝါဒအဆင့်စာတမ်း ဖြစ်သည့်အတွက်၊ ဒေသအလိုက် ကြားကာလ အုပ်ချုပ်ရေးအစီအမံများတွင် မည်မျှအထိ ပြောင်းလဲ

---

[9] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ ကြားကာလ အစီအမံများရေးဆွဲရာတွင် ဥပဒေရေးရာ အထောက်အကူပြုခဲ့သူ

[10] စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် သတင်းမီဒီယာဆိုင်ရာ အမျိုးသားညီညွတ်ရေးအစိုးရ၏ သဘောထားရပ်တည်ချက်

အသုံးချနိုင်ခဲ့သည်ကို လက်တွေ့ အခြေအနေများအပေါ်မူတည်၍ ဆက်လက်စိစစ်ရန် လိုအပ်နေဆဲဖြစ်သည်။

## ၅.၁.၄။ လုံခြုံရေးအကြောင်းပြချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်မှု

သုတေသန အင်တာဗျူးနှင့် သီးသန့် စကားဝိုင်းဆွေးနွေးခြင်း အချက်အလက်များအရ အမျိုးသား ညီညွတ်ရေးအစိုးရ အုပ်ချုပ်မှုအောက်ရှိ ဒေသအချို့တွင် လုံခြုံရေး၊ စစ်ရေး လိုအပ်ချက်များကို အကြောင်းပြ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်း၊ သတင်းမီဒီယာများကို ကန့်သတ်ခြင်း၊ အင်တာနက် အသုံးပြုမှုကို ထိန်းချုပ်ခြင်း၊ သတင်းမယူရန် တားမြစ်ခြင်းများ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယင်းအခြေ အနေများသည် နိုင်ငံတကာ စံချိန်စံနှုန်းများအရ ခွင့်ပြုနိုင်သည့် ကန့်သတ်မှုများ ဖြစ်နိုင်သော်လည်း၊ လိုအပ်ချက်နှင့် အချိုးအစားညီမှုကို စနစ်တကျ စိစစ်သတ်မှတ်ထားခြင်း မရှိပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလွန်အကျွံ ထိခိုက်စေနိုင်သည်။

"လုံခြုံရေးဆိုတာက သတင်းသမားရဲ့လုံခြုံရေးရှိသလို၊ သူတို့ဘက်မှာလည်း သူတို့ရဲ့ လုံခြုံရေး၊ နောက်ပြီးတော့ အများပြည်သူရဲ့လုံခြုံရေးရှိတယ်။ အဲ့ဒီစိုးရိမ်ချက်တွေက သတင်းကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ကလည်း ပြန်ပြီးတော့ ကိုယ် သိသလောက် အကုန်ထည့်လို့မရဘူး။ အကုန်ဖော်ပြလို့ မရတဲ့အပိုင်းလေးတွေရှိတာ အတားအဆီးလေးတွေ ရှိတယ်"[11] ဟု လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်တဦးက ဤစာတမ်းနှင့် ပတ်သက်သည့် အင်တာဗျူးတွင်ဖြေကြားခဲ့သည်။

ထို့အပြင် လက်တွေ့မြေပြင် အခြေအနေတွင် သက်ဆိုင်ရာ အာဏာပိုင်များက ဥပဒေအားဖြင့် ကန့်သတ်ထားမှု မရှိသော်လည်း လူမှုဖိအားနှင့် လုံခြုံရေးအတွက် မိမိကိုယ်တိုင်၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကိုယ်တိုင် ကန့်သတ်လာရသည့် အခြေအနေများလည်း တွေ့ရသည်။ ဥပမာအားဖြင့် လွတ်မြောက်နယ်မြေဒေသများတွင် ဒလန်ဟု ထင်မြင်ခံရ ခြင်းသည် တရားစီရင်ရေး လုပ်ငန်းစဉ်များကို ကျော်လွန်၍ လူမှုရေးပြစ်ဒဏ်မှသည် အသက်အန္တရာယ်အထိ ကြီးမားသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။ ထိုအချက်ကို သုတေသန အင်တာဗျူးတွင် ပါဝင်ခဲ့သည့် သတင်းစာသင်တန်းဆရာတဦးက မှတ်ချက်ပြု ပြောကြားထားသည်။

"သတင်းအချက်အလက်ကို ရန်သူဘက်ကို သတင်းပေးတယ်လို့ စွပ်စွဲခံရရင် အဲ့ဒီဟာက အကြီးမားဆုံးသော ခြိမ်းခြောက်မှုလို့ထင်တယ်။ အရပ်သားစကားနဲ့ဆို ဒလန်၊ ရန်သူကို သတင်းပေးတယ်၊ *Location* နေရာပေးတယ်။ ဘယ်နေရာမှာ လုပ်နေတယ်ဆိုတာပြောတယ်။ ဘယ်နေရာမှာ ဘာဖြစ်နေတယ်ဆိုတာကို ပြောတယ်။ *Case* တခုဖြစ်တယ် ဘယ်သူ့ကို

[11] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်

ပြောလည်း ဆိုတဲ့ဟာမျိုးမှာ သတင်းမီဒီယာကို ပြောတယ်ပေါ့ သို့မဟုတ် တယောက်ယောက်ကို၊ အဖွဲ့အစည်းတခုခုကို တိုင်တယ် ပြောတယ်၊ ဒါပေမဲ့ အဲ့ဒီတိုင်တဲ့ အဖွဲ့အစည်းက ဒီဒေသမှာ ထိန်းချုပ်ထားတဲ့အဖွဲ့အစည်းမဟုတ်ဘူး ဆိုပါစို့၊ အဲ့လိုမျိုးဆိုရင်က သတင်းပေးတယ်လို့ စွပ်စွဲခံရနိုင်ခြေအများဆုံးနဲ့ အန္တရာယ် အများဆုံးဖြစ်နေတယ်"[12]

ထို့ကြောင့် အချို့သော သတင်းမီဒီယာသမားများနှင့် ပြည်သူများသည် တော်လှန်ရေး အင်အားစုများ၏ လွဲမှားသော လုပ်ရပ်များကို တွေ့မြင်ရလျှင်ပင် ဒလန်ဟု ခေါင်းစဉ်တပ် ခံရမည်ကို ကြောက်ရွံ့သဖြင့် နှုတ်ဆိတ်နေခြင်းကို ရွေးချယ်နေကြရသည်။ ထိုကဲ့သို့သော အဖြစ်အပျက်သည် ဥပဒေက တိုက်ရိုက်ကန့်သတ်ခြင်း မဟုတ်သော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လက်တွေ့ကျကျ အားနည်းစေသည့်အချက်အဖြစ် သုံးသပ်နိုင်သည်။

### ၅.၁.၅။ သုံးသပ်ချက်

စုစည်းသုံးသပ်ကြည့်လျှင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လူ့အခွင့်အရေး အစုအဝေးအတွင်းတွင် အသိအမှတ်ပြုထားပြီး နိုင်ငံတကာ စံချိန်စံနှုန်းများကို လိုက်နာမည်ဟု ယေဘုယျအားဖြင့် ဖော်ပြထားသည်။ သို့သော် သီးခြားအခွင့်အရေးအဖြစ် အာမခံထားခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ရန် စနစ်ကျသော ယန္တရားများ မလုံလောက်သေးကြောင်း တွေ့ရသည်။

ပဋိညာဉ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် သဘောတရားအရ ကိုက်ညီမှု ရှိသော်လည်း မြေပြင်တွင် အကာအကွယ်ပေးနိုင်မှုနှင့် ထိရောက်သော အကောင်အထည်ဖော်မှု အဆင့်တွင် ကွာဟချက်များ ရှိနေသည်ဟု သုံးသပ်နိုင်သည်။

## ၅.၂။ ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ

ဤအပိုင်းတွင် ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် မည်မျှကိုက်ညီစွာ အသိအမှတ်ပြုထားသည်၊ သို့မဟုတ် လက်တွေ့တွင် မည်သို့ ကာကွယ်မြှင့်တင်နိုင်ခြင်း ရှိသည်ကို ဆန်းစစ်လေ့လာထားသည်။ ကရင်နီပြည်နယ်သည် တော်လှန်ရေးကာလတွင် ပထမဆုံးသော ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးယန္တရားကိုတည်ဆောက် ထားနိုင်သည့် ဒေသတခု ဖြစ်သည်။ စင်ကာပူအခြေစိုက် အရှေ့တောင် အာရှ သုတေသနဌာနတခု ဖြစ်သည့် ISEAS -

[12] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ သတင်းစာသင်တန်းဆရာ

Yusof Ishak Institute က ပြုလုပ်ထားသည့် လေ့လာမှု[13]အရ ကရင်နီပြည် အတိုင်ပင်ခံ ကောင်စီ/ ကြားကာလ အုပ်ချုပ်ရေးကာင်စီသည် စီးပွားရေးစီမံခန့်ခွဲမှု ယန္တရားကိုပါ တည်ဆောက်ထားနိုင်သည့်အတွက် အခြားဒေသများထက် ပိုမိုခိုင်မာသော အုပ်ချုပ် ရေး ရှိသည်ဟု ဆိုသည်။ သို့သော် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှုထောင့်မှ ကြည့်ပါက ဥပဒေရေးရာ အကာအကွယ်ပေးမှု အားနည်းနေခြင်းနှင့် စစ်ရေး၊ လုံခြုံရေး အတွက် သတင်း စီးဆင်းမှုကို နည်းပညာဖြင့် ပိတ်ပင်တားဆီး ခြင်းတို့ကို ထူးခြားစွာ တွေ့ရှိရသည်။

### ၅.၂.၁။ နိုင်ငံတကာ စံတန်ဖိုးများကို ယေဘုယျသာ ရည်ညွှန်းထားခြင်း

ကရင်နီ ပြည်နယ်၏ ကြားကာလအစီအမံ အခန်း (၁)၊ ကရင်နီပြည် အတိုင်ပင်ခံ ကောင်စီ (Karenni State Consultative Council- KSCC) ဖွဲ့စည်းခြင်း အတိုင်ပင်ခံ ကောင်စီ၏ စံတန်ဖိုးများတွင် "လူ့အခွင့်အရေး စံတန်ဖိုးများကို လေးစားလိုက်နာခြင်း" ဟုဖော်ပြ ထားသော်လည်း၊ ၎င်းသည် မည်သည့် စံနှုန်းများကို ဆိုလိုကြောင်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မည်သို့ အကာအကွယ်ပေးမည်ဆိုသည့် တိကျသော အဓိပ္ပာယ် ဖွင့်ဆိုချက်များ မတွေ့ရပါ။ ဤကဲ့သို့ ယေဘုယျဆန်သော ဖော်ပြချက်များသည် နိုင်ငံရေးအရ ကောင်းမွန်သော ပုံရိပ်ကို ပြသနိုင်သော်လည်း၊ ဥပဒေကြောင်းအရမူ အာဏာပိုင်များက လိုသလို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော အခြေအနေကို ဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတကာ စံနှုန်းများကို အစီအမံထဲတွင် ပါရုံသာ ထည့်သွင်းထားသည်ဟု သုံးသပ်နိုင်သည်။

### ၅.၂.၂။ လုံခြုံရေး အကြောင်းပြချက်ဖြင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုကို ထိန်းချုပ်ခြင်း

၂၀၂၃ ခုနှစ် နောက်ပိုင်းတွင် ကရင်နီဒေသသည် ကြားကာလ အုပ်ချုပ်ရေးအဆင့်မှ လက်တွေ့ အုပ်ချုပ်ရေး လုပ်ငန်းများကို ပိုမိုထမ်းဆောင်ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဖိအားများ တိုးလာသည့်အခါ၊ သတင်း အချက်အလက် ရယူမှုကို ကန့်သတ်ခြင်း၊ သတင်းမီဒီယာများကို သတင်းမယူရန် တားမြစ်ခြင်းကဲ့သို့သော လက်တွေ့လုပ်ရပ်များ ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် လေကြောင်းမှ တိုက်ခိုက်ခံရခြင်းနှင့် စစ်ရေးကိစ္စများရှိလာသည့်အခါ ပြည်သူလူထု၏ သတင်းရယူ ပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ထိန်းချုပ်လာသည်ကို တွေ့ရသည်။ ဥပမာ အားဖြင့် စတားလင့် အင်တာနက်မသုံးရန် တားမြစ်ခြင်းဖြစ်သည်။

အသံအဖွဲ့က တွေ့ဆုံမေးမြန်းထားသည့် ကရင်နီအခြေစိုက် သတင်းစာဆရာတဦးက *"Starlink* ကို ဘယ်အချိန်မှာ ဘယ်အချိန်ထိပဲ သုံးလို့ရမယ်၊ အဓိက လုံခြုံရေး

[13] ဂျရက် ဘစ်ဆင်းဂါး (၂၀၂၅ မေလ) "မြန်မာနိုင်ငံရှိ နိုင်ငံတော်မဟုတ်သော အုပ်ချုပ်ရေးအဖွဲ့များ၏ စီးပွားရေး စီမံအုပ်ချုပ်မှု - အလားအလာများနှင့် စိန်ခေါ်မှုများ (သို့မဟုတ်) ကျရောက်နိုင်သော အန္တရာယ်များ" ISEAS Publishing

အကြောင်းပြချက်တွေကြောင့် နည်းနည်း အကန့်အသတ်တွေရှိတယ်။ ဥပမာ ညပိုင်း *(၁၀)* နာရီ နောက်ပိုင်းဆိုရင် မသုံးကြတော့ဖို့ ဆိုင်တွေ မဖွင့်ကြတော့ဖို့ ညွှန်ကြားချက်တွေ ကျွန်တော်တို့ မြေပြင်မှာရှိတယ်။ တချို့ လေကြောင်းတိုက်ခိုက်မှုများတဲ့ နေရာဒေသတွေမှာ အရပ်သားတွေကို အင်တာနက်တွေ သုံးလို့ အင်တာနက်တွေ သိမ်းလိုက်တဲ့ဟာမျိုးတွေလည်း ရှိတယ်*”*[14] ဟု ၎င်း၏ အတွေ့အကြုံကို ဝေမျှသည်။ ထိုအတွေ့အကြုံအရ ထိုကဲ့သို့သော ကန့်သတ်ထိန်းချုပ်မှုမျိုးသည် နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို လုံခြုံရေး အကြောင်းပြချက်ဖြင့် ပိတ်ပင်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဧပြီလ (၁၆) ရက်နေ့တွင် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီက မီဒီယာကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်[15]ကို ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်တွင် ကြားကာလ အုပ်ချုပ်ရေးကောင်စီက သတင်းမီဒီယာများကို ထိန်းချုပ်မည် မဟုတ်ကြောင်းနှင့် လွတ်လပ်စွာ သတင်းရယူခွင့် တင်ဆက်ခွင့်ရှိသည်ဟု ဆိုထားသော်လည်း ကရင်နီပြည်၏ စစ်ဆင်ရေးနှင့် အုပ်ချုပ်ရေးကိစ္စကို ထိခိုက်စေသည့် လုပ်ရပ်များကို တားမြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် “ထိခိုက်စေသည့် လုပ်ရပ်များ” ဆိုသည်ကို သီးခြား အဓိပ္ပါယ် ဖွင့်ဆိုထားခြင်း မရှိပြန်ပေ။

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ နယ်မြေများနည်းတူ မိမိကိုယ်တိုင်၏ အသက်ဘေး လုံခြုံရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကိုယ်တိုင် မကျင့်သုံးရန် ရွေးခြယ်လိုက်ရသည့် မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ခြင်း အဖြစ်များကိုလည်း တွေ့ရသည်။ ၎င်းသည် အာဏာပိုင်များက ဥပဒေဖြင့် ထိန်းချုပ်ထား၍ မဟုတ်ဘဲ လူမှု အသိုက်အဝန်းကြားရှိ ဖိအားများကြောင့် အများဆုံးဖြစ်သည်။ ကရင်နီဒေသတွင် အခြေစိုက်သည့် သတင်းစာဆရာ တဦးက

*“တခုခုကို ပြောမယ်၊ ကိုယ့်အတွေးကိုယ့်အမြင်ကို ပြောမယ်ဆိုရင် ကိုယ်နဲ့အမြင်မတူတာတွေ ရှိတယ်။ ဒီအချိန်မှာက လွတ်မြောက်နယ်မြေ ဆိုပေမယ့် အဖွဲ့အစည်းမျိုးစုံ၊ လူမျိုးစုံတွေ ရှိတော့ ကိုယ့်ကိုအန္တရာယ်လာပြုမှာ ကြောက်နေရတယ်။”*[16]

ယင်းကန့်သတ်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံနှုန်းများအရ အရေးပေါ် အခြေအနေများတွင် ခွင့်ပြုနိုင်သော်လည်း၊ ကရင်နီဒေသတွင် ထိုကန့်သတ်မှုများကို စနစ်ကျသော ဥပဒေဘောင်အောက်တွင် မသတ်မှတ်ထားသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လက်တွေ့တွင် ထိခိုက်စေခဲ့သည်။ ထို့ပြင် လူမှုဖိအားများနှင့် “မပြောရင် ပိုလုံခြုံမယ်” ဟူသော ယူဆချက်များကြောင့် Self-censorship လုပ်လာရသည့် အခြေအနေများလည်း တွေ့ရသည်။

---

[14] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ ကရင်နီပြည်အခြေစိုက် သတင်းစာဆရာ
[15] ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ ညွှန်ကြားချက်အမှတ် (၀၈/၂၀၂၄)
[16] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ ကရင်နီပြည်အခြေစိုက် သတင်းစာဆရာ

## ၅.၂.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့မြေပြင်အခြေအနေကွာဟချက်

စုစည်းသုံးသပ်ကြည့်လျှင် ကရင်နီဒေသ၏ ကြားကာလ အစီအမံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လူ့အခွင့်အရေး အခြေခံမူများအတွင်း၌သာ ပါဝင်နေပြီး သီးခြား အခွင့်အရေးအဖြစ် အာမခံထားပါ။ ထို့အပြင် လုံခြုံရေးအကြောင်းပြု၍ လက်တွေ့ ကန့်သတ်မှုများကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အကာအကွယ်ပေးမှုသည် ဥပဒေအဆင့်၌ပင် အားပျော့နေကြောင်း တွေ့ရသည်။ သတင်းမီဒီယာများ၏ သတင်းရယူ ခွင့်ကို ညွှန်ကြားချက်ဖြင့် ထိန်းချုပ်ခြင်းကလည်း လွတ်လပ်စွာ သတင်းရယူခွင့်၊ တင်ဆက် ခွင့် မရှိကြောင်း မီးမောင်းထိုးပြနေသည်။

## ၅.၃။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလအခြေခံဥပဒေ

စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်လွတ်လပ်ခွင့်များကို အခြေခံအခွင့်အရေးအဖြစ် ထင်ရှားစွာ အသိအမှတ်ပြုထားသော်လည်း ထိုအခွင့်အရေးကို ပြန်လည်ကန့်သတ်ထားသည့် သတိထားရမည့် ပြဋ္ဌာန်းချက်များကို တွေ့ရှိရသည်။ စစ်ကိုင်းတိုင်းသည် လက်နက်ကိုင် တော်လှန်ရေး အားကောင်းသော ဒေသဖြစ်ပြီး၊ ဥပဒေရေးရာ ရှုထောင့်မှ ကြည့်လျှင် နိုင်ငံတကာစံနှုန်းများနှင့် အကိုက်ညီဆုံးသော ဖွဲ့စည်းပုံမူဘောင်ကို ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်သည်။ သို့သော် ပြန်လည်ကန့်သတ်ထားသည့် ဥပဒေရေးရာ အသုံးအနှုန်းများ ရှင်းလင်းမှု မရှိခြင်းနှင့် မြေပြင်တွင် အုပ်ချုပ်ရေးအာဏာစက် ကွဲပြားနေခြင်းတို့က လက်တွေ့တွင် ဥပဒေများက အကာအကွယ် မပေးနိုင်သည့် အခြေအနေဖြစ်နေသည်။

### ၅.၃.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တရားဝင်အသိအမှတ်ပြုမှုနှင့် မရှင်းလင်းသော ကန့်သတ်ချက်များ

စစ်ကိုင်းဖက်ဒရယ် ယူနစ်ကြားကာလ အခြေခံဥပဒေ၏ အခန်း (၂)၊ အခြေခံအခွင့် အရေးများ၊ ရပိုင်ခွင့်နှင့်တာဝန်များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်အခွင့် အရေးများ ဖြစ်ကြသော ရေးသားခွင့်၊ ပုံနှိပ် ထုတ်ဝေခွင့်၊ သတင်းရယူပိုင်ခွင့်၊ ဖြန့်ချီပိုင်ခွင့်[17] ကို နိုင်ငံသားတိုင်း၏ အခြေခံအခွင့်အရေးအဖြစ် အတိအလင်းပြဋ္ဌာန်း ထားသည်။ ထို့အပြင် လွတ်လပ်စွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ခွင့်များကိုလည်း နိုင်ငံသားရပိုင်ခွင့်များအဖြစ် ဖော်ပြထားသည် ကိုတွေ့ရသည်။

ရပိုင်ခွင့် အခွင့်အရေးများနှင့် ပတ်သက်၍ အကာအကွယ်ပေးမည့် လုပ်ငန်းစဉ်များ ကိုလည်း ပုဒ်မ ၄၁(က) တွင် လူ့အခွင့်အရေး ချိုးဖောက်ခံရပါက ယူနစ်၏ လူ့အခွင့်အရေးနှင့်

[17] စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ

သက်ဆိုင်သော ကော်မရှင်သို့ တိုင်ကြား၍ ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူနိုင်ခွင့်ရှိ ကြောင်းနှင့်၊ ပုဒ်မ ၄၁ (ခ) တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ ပြဋ္ဌာန်းချက်နှင့်အညီ ကာကွယ်စောင့်ရှောက်မှုကို ရယူပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်[18]။

သို့ရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် အခြေအနေ များကို ဖော်ပြရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် သတ်မှတ်ထားသည့် တရားဥပဒေနှင့် ညီညွတ်ခြင်း၊ မဖြစ်မနေ လိုအပ်ခြင်းနှင့် အချိုးအစား ညီမျှခြင်း စံနှုန်းများ (legality၊ necessity နှင့် proportionality) အတိုင်း တိတိကျကျ မဖော်ပြ ထားသည့် လက္ခဏာများကို တွေ့ရသည်။ အခန်း (၂)၊ အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များအခန်း၏ နောက်ဆုံးတွင် "အထက်ပါ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ကျင့်သုံးရာတွင် အများပြည်သူ၏ လုံခြုံရေးကို ထိခိုက်စေခြင်းကို သော်လည်းကောင်း၊ လူမျိုး၊ ဘာသာနှင့် လူ့အဖွဲ့အစည်းများအကြား အမုန်းတရား ပွားများခြင်း၊ ပဋိပက္ခ ဖြစ်ပေါ် စေခြင်းကို သော်လည်းကောင်း၊ လူပုဂ္ဂိုလ်တဦးတယောက် သို့မဟုတ် အဖွဲ့အစည်း တို့၏ ဂုဏ်သိက္ခာကို မဟုတ်မမှန်သော နည်းလမ်းဖြင့် ကျဆင်းစေ ခြင်းကို သော်လည်းကောင်း မဖြစ်စေရ"ဟူ၍ ဖော်ပြထားသည်။

ထိုဖော်ပြချက်ပါ အမုန်းစကားကို တားမြစ်ခြင်းသည် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည့် တားမြစ်ချက် ဖြစ်သော်လည်း၊ "လူ့အဖွဲ့အစည်းများ အကြား ပဋိပက္ခ" ဆိုသည့် စကားရပ်သည် နိုင်ငံရေးသဘောထား ကွဲလွဲမှုကိုပါ ပဋိပက္ခဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် အားနည်းချက် ရှိနေသည်။ ထို့အပြင် လူပုဂ္ဂိုလ် တဦးတယောက် သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာကို မဟုတ်မမှန်သော နည်းလမ်းဖြင့်ကျဆင်းစေခြင်း ဆိုသည့်အချက်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းမီဒီယာ လွတ်လပ်ခွင့် အတွက် အကြီးမားဆုံး အတားအဆီး ဖြစ်နိုင်သည်။ အဖွဲ့အစည်းတခု၏ အကျင့်ပျက်ခြစားမှု ကို ဖော်ထုတ်လျှင် ထိုအဖွဲ့အစည်းက ဂုဏ်သိက္ခာကျဆင်း စေသည်ဟု စွပ်စွဲနိုင်သည်။ အထူးသဖြင့် မဟုတ်မမှန်သော နည်းလမ်းဆိုသည်ကို မည်သို့ ဆုံးဖြတ်မည်နည်းဆိုသည့် အဖြေမပါရှိပဲ ဖြစ်နေသည်။

"အများပြည်သူ လုံခြုံရေး" ဆိုသည့် စကားရပ်သည် တိကျမှုမရှိဘဲ အဓိပ္ပာယ် ဖွင့်ဆိုချက် ကျယ်ပြန့်လွန်းသကဲ့သို့ ဂုဏ်သိက္ခာ ထိခိုက်မှုကို ကာကွယ်ရန် လိုအပ် သော်လည်း၊ ၎င်းကို အကြောင်းပြုပြီး နိုင်ငံရေးအရ ဝေဖန်မှုများကို ပိတ်ပင်ပါက ဒီမိုကရေစီ လူ့ဘောင်အတွက် မဖြစ်မနေ လိုအပ်သော ကန့်သတ်ချက် မဟုတ်တော့ပေ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဥပဒေရေးရာအဆင့်တွင် ထင်ရှားစွာ အသိအမှတ်ပြု

[18] စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ

ထားသော်လည်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ပြည့်စုံစွာ ကိုက်ညီသည်ဟုဆိုရန် အခက်အခဲရှိနေသည်။

### ၅.၃.၂။ လုံခြုံရေး အကြောင်းပြချက်ဖြင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှုကို ထိန်းချုပ်ခြင်း

စစ်ကိုင်း ဖက်ဒရယ်ယူနစ်၏ ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များ၏ နောက်ဆုံး အပိုဒ်တွင် အများပြည်သူ၏ လုံခြုံရေးကို ထိခိုက်စေခြင်းဟူသော ကန့်သတ်ချက် ပါရှိရာ လက်တွေ့မြေပြင်တွင် ဤပြဋ္ဌာန်းချက်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်ရန် အဓိက လက်နက်တခု ဖြစ်လာသည်ကို တွေ့ရသည်။ စစ်ကိုင်းတိုင်းကဲ့သို့ ပဋိပက္ခပြင်းထန်သော ဒေသများတွင် ဥပဒေထက် လက်တွေ့လုံခြုံရေးအခြေအနေများကသာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို အဆုံးအဖြတ်ပေးနေခြင်းကို တွေ့ရှိရသည်။ ထိုအခြေအနေကို သုတေသန ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ခဲ့သည့် စစ်ကိုင်းဒေသ အခြေစိုက် သတင်းစာဆရာ တဦးက သူ၏ အတွေ့အကြုံကို ရှင်းပြသည်။

*"အညာဒူတိုင်း[19]လိုမျိုး ဆောင်းပါးလိုမျိုးဆိုရင် သတင်းကြောင့်မို့လို့ မြေပြင်မှာ လေကြောင်းတိုက်ခိုက်ခံရတယ်ဆိုတဲ့ ပြောဆိုချက်တွေ ရှိတယ်။ ပြီးတော့ NUG ဘက်က တော်လှန်ရေးဘက်က ဆေးရုံတွေဆိုရင် သူတို့စိုးရိမ် တယ်။ ကျွန်တော်တို့ သတင်းတွေ အတွက် ရုပ်သံတွေ၊ ဓာတ်ပုံတွေ ရိုက်ခွင့်မပေးဘူး။ လေကြောင်းတိုက်ခိုက်လာ မှာစိုးလို့ ဆိုတဲ့အကြောင်းပြချက်နဲ့တော့ ကြုံဖူးပါတယ်"*[20]

လေကြောင်းတိုက်ခိုက်ခံရမှုနှင့် စစ်ရေးလုံခြုံရေးကို အကြောင်းပြု၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းရယူခွင့် သတင်းတင်ဆက်ခွင့်တို့ကို ပိတ်ပင် ရုံမက သတင်းအချက်အလက် ရယူနိုင်သည့် စတားလင့်အင်တာနက်ကို မကြာခဏ ပိတ်ဆို့ခြင်းများ ပြုလုပ်သည်ကိုလည်း တွေ့ရှိရသည်။[21]

ထို့အပြင် ဒေသအုပ်ချုပ်ရေးအဖွဲ့များ သို့မဟုတ် တော်လှန်ရေးအင်အားစုများ၏ အုပ်ချုပ်ရေးအပေါ် ဝေဖန်သုံးသပ်မှုများကို လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု သတ်မှတ်၍ လူမှုကွန်ရက်ဝေဖန်ချက်များကို ဖယ်ရှားခိုင်းစေခြင်း၊ သတိပေးခြင်းများလည်း ရှိသည်။

*"တရားရေးမှာ ပါဝင်ပတ်သက်နေတဲ့ သူတယောက်ကို လူထုက အယုံအကြည်မရှိဘူးဆိုပြီး ဆန္ဒပြ သပိတ်မှောက်ကြတယ်။ အဲ့ဖြစ်စဉ်ကို လူတယောက်က ဒီဒေသမှာတော့ ဒီလိုမျိုး လူတွေကို ပြည်သူတွေက မကြိုက်လို ဆန္ဒပြနေပြီဆိုပြီး social media ပေါ်မှာ တင်လိုက်*

[19] https://burma.irrawaddy.com/article/2025/02/22/397718.html
[20] အင်တာဗျူးတွင် ပါဝင်သူ၊ စစ်ကိုင်းအခြေစိုက် သတင်းစာဆရာတဦး
[21] https://www.ludunwayoo.com/news-mm/2025/12/21/143372/

တယ်။ အဲ့ဒီဟာကို သူ့ရဲ့ အသရေကိုဖျက်တယ် ဆိုပြီးတော့ အဲ့ဒီ *post* တင်တဲ့သူကို ချက်ချင်း ဖမ်းဆီးတယ်။ ဖမ်းဆီးပြီးနောက်ပိုင်းမှာလည်း ဘာအမှုနဲ့ဖမ်းတာလဲ၊ ဘယ်မှာဖမ်းထားလဲ၊ ဘယ်လိုပုံစံထားလဲ၊ အမိန့်ကိုချမှတ်ပြီးပြီးလား၊ ဒါမျိုးတွေလဲလုံးဝ မသိရဘူး၊ တရားရေး ကဏ္ဍမှာ ပါဝင်ပတ်သတ်နေတဲ့ သူတွေ ကိုယ်တိုင်ကိုက လူတယောက်ရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ပြီးတော့ ဖမ်းဆီးတဲ့ ဖြစ်စဉ် ရှိခဲ့ပါတယ်။”[22] ဟု စစ်ကိုင်းအခြေစိုက် နိုင်ငံရေး တက်ကြွ လှုပ်ရှားသူတဦးက ပြောသည်။

ထို့အပြင် ဒေသဆိုင်ရာ အာဏာပိုင်များက ဥပဒေ သို့မဟုတ် အမိန့်ဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းမဟုတ်ဘဲ လူတဦးချင်းစီက ၎င်းတို့ လုံခြုံရေး အတွက် ကိုယ်တိုင်မကျင့်သုံးရန် ရွေးခြယ်လိုက်ရသည့် မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ခြင်း (Self Censorship) အဖြစ်များကိုလည်း တွေ့ရသည်။ ၎င်းသည် လူတဦးချင်းစီ ကိုယ်တိုင်၏ လုံခြုံရေးစိုးရိမ်မှုများ အပြင် လူမှုအသိုက်အဝန်းကြားရှိ ဖိအားများကြောင့်လည်း ဖြစ်သည်။

“ဒီဘက်မှာဆိုရင် ဒေသခံတွေကို သတင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ *interview* လုပ်မယ် ဆိုရင် သူတို့အဓိက ရုပ်သံတွေ ရိုက်မယ်ဆိုရင် မျက်နှာတွေ ဘာတွေ မပြရဲကြဘူး။ သူတို့က ရွာကနေပြီးတော့ မြို့ပေါ်၊ ဥပမာ မုံရွာမြို့တို့ မန္တလေးမြို့တို့ သွားစရာရှိတယ်၊ သတင်းထဲမှာ တခုခု ဖြေလိုက်လို့ စစ်တပ်က စောင့်ကြည့် ပြီးတော့ သူတို့ကို လမ်းမှာ ဖမ်းမှာမျိုး အဲ့လိုမျိုးတွေ စိုးရိမ်လို့ မပြောရဲကြဘူးပေါ့။ ဒီမှာဆိုရင် လေကြောင်း တိုက်ခိုက်ခံရတဲ့ ဟာမျိုးဆိုရင်တောင်မှ ဒါသူတို့ ကြုံတွေ့ရတဲ့ ကိစ္စမျိုးကို လွတ်လွတ်လပ်လပ် နာမည် ဖော်ပြီးတော့ကို မျက်နှာပြပြီးတော့ မပြောရဲတာမျိုးရှိတယ်”[23] ဟု စစ်ကိုင်းတွင် အခြေစိုက်သည့် သတင်းစာဆရာတဦးက ဆိုသည်။

လူတဦးချင်း၏ လုံခြုံရေးဟု ဆိုရာတွင် ၎င်းတို့နေထိုင်ရာ ဒေသတွင်းလုံခြုံရေးအပြင် ဆက်စပ် တည်ရှိနေသည့် စစ်ကောင်စီ နယ်မြေများသို့ လုံခြုံစွာ ခရီးသွားလာမှု ပြုနိုင်ရန် အတွက် မိမိကိုယ်ကိုယ် ဆင်ဆာ ပြုလုပ်ခြင်းမျိုးလည်း ဖြစ်သည်။

## ၅.၃.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့မြေပြင်အခြေအနေကွာဟချက်

လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ဥပဒေတွင် ရေးသားဖော်ပြ အသိအမှတ် ပြုထားပြီး လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးမှုနှင့် အကာအကွယ်ပေးမှု အဆင့်တွင် စစ်ကိုင်းဒေသ၏ အဓိကလက္ခဏာမှာ အမိန့်ပေး ကွပ်ကဲမှု အစိပ်စိပ်အမွှာမွှာ ဖြစ်နေခြင်း ဖြစ်သည်။ သီးသန့် စကားဝိုင်းဆွေးနွေးခြင်းနှင့် သုတေသန အင်တာဗျူး မေးမြန်းမှု အချက် အလက်များအရ စစ်ကိုင်းဒေသ၏ အုပ်ချုပ်ရေးသည် အမျိုးသား ကာကွယ်ရေးအစိုးရ

[22] အင်တာဗျူးတွင် ပါဝင်သူ၊ စစ်ကိုင်းအခြေစိုက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတဦး
[23] အင်တာဗျူးတွင် ပါဝင်သူ၊ စစ်ကိုင်းအခြေစိုက် သတင်းစာဆရာတဦး

(NUG) ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ PDF တပ်ရင်းများ၊ ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်တွင် မရှိသော ဒေသခံ လက်နက်ကိုင်အဖွဲ့များ၊ ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများ နှင့်ဒေသခံ အာဏာပိုင်များက နေရာဒေသအလိုက် အာဏာမျှဝေထားသည့် ပုံစံဖြင့် လည်ပတ်နေပြီး လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်မှု၊ အကာအကွယ်ပေးမှုကို ဒေသအလိုက် တူညီမှုမရှိကြောင်း တွေ့ရသည်။ ဥပမာ သုတေသန အင်တာဗျူးတွင် ပါဝင်ဖြေဆိုခဲ့သည့် စစ်ကိုင်းအခြေစိုက် သတင်းစာဆရာ တဦး၏ ပြောကြားချက်အရ သတင်းရယူရန်အတွက် ခွင့်ပြုချက်တောင်းခံရသည့် အာဏာပိုင်အဆင့်ဆင့်မှာပင် မတူညီမှု များ ရှိနေသည်။

"ရပ်ထဲရွာထဲမှာ သတင်းယူတော့မယ်ဆိုရင် ရွာအုပ်ချုပ်ရေးမှူးကို ခွင့်တောင်းရတယ်။ ပြီးတော့ တပ်ဖွဲ့တွေဘာတွေ သတင်းယူမယ်ဆိုရင် တပ်ရင်းမှူးတွေ ခွင့်တောင်းပြီးတော့ ယူရတယ်"[24] ဟု သူက ဆိုသည်။

ဤကဲ့သို့ အာဏာစက်ကွဲပြားမှုနှင့် လုပ်ထုံးလုပ်နည်း မညီညွတ်မှုများသည် တသီးပုဂ္ဂလ သတင်းယူခွင့်၌သာမက၊ လူထု၏ စုပေါင်းထုတ်ဖော်ခွင့်ဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် သပိတ်မှောက်ခွင့်များအပေါ်တွင်လည်း သက်ရောက်မှု ရှိသည်။ အထူးသဖြင့် ကြားကာလ အစီအမံများတွင် ပါရှိသော ကန့်သတ်ချက်များကို အာဏာပိုင်များက လက်တွေ့ အကောင်အထည်ဖော်ရာတွင် အငြင်းပွားဖွယ်ရာများ ရှိနေကြောင်း အင်တာဗျူး အချက် အလက်များက ထောက်ပြနေသည်။

သုတေသန အင်တာဗျူးတွင် ပါဝင်သူ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ တဦးက ကြားကာလ အစီအမံများပါ ဥပဒေရေးရာ ကန့်သတ်ချက်များက မြေပြင်တွင် ပြည်သူ လူထု၏ အသံကို တားဆီးရာရောက်ပုံကို ယခုကဲ့သို့ ရှင်းပြသည် -

"ကြားကာလအစီအမံတွေမှာ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းခွင့်တွေကို ဥပဒေအရဆိုတဲ့ စကားလုံးတွေနဲ့ ကန့်သတ်ထားတာ တွေ့ရတယ်။ ... ဒေသတွင်းမှာရှိတဲ့ မတရားမှုမှန်သမျှကို ထုတ်ဖော်ပြောဆိုတဲ့ သပိတ်တွေ၊ ပြည်သူတွေရဲ့ ခံစားချက်တွေကို ထုတ်ဖော်တဲ့ အခြေ အနေမျိုးတွေမှာဆိုရင် တော်လှန် အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ၊ တရားမဝင် လုပ်ရပ်တွေဆိုပြီး ပြောတာမျိုးတွေ၊ ဒီလိုလူတွေအပေါ်မှာ လက်နက်နဲ့ အကြမ်းဖက် ဖြိုခွင်း တာတွေ၊ ဖမ်းဆီးတာတွေပါ ပြုလုပ်တာမျိုးတွေ ရှိတယ်"[25]

ဤတွေ့ရှိချက်များကို သုံးသပ်ကြည့်ပါက စစ်ကိုင်းဒေသ၏ ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်

[24] အင်တာဗျူးတွင် ပါဝင်သူ၊ စစ်ကိုင်းအခြေစိုက် သတင်းစာဆရာတဦး
[25] အင်တာဗျူးတွင်ပါဝင်သူ၊ စစ်ကိုင်းအခြေစိုက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတဦး

သဘော တရားအဆင့်တွင် ကိုက်ညီစွာ အသိအမှတ်ပြုထားသော်လည်း၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ အကောင်အထည်ဖော်မှုအဆင့်တွင် အုပ်ချုပ်ရေး ပြိုကွဲမှုနှင့် လုံခြုံရေး အခြေပြု အမြင်များကြောင့် အခွင့်အရေးကို စနစ်ကျစွာ ကာကွယ်မြှင့်တင်နိုင်ခြင်း မရှိသေးကြောင်း တွေ့ရသည်။

## ၅.၄။ မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ

မန္တလေးဒေသသည် စစ်ကိုင်းဒေသကဲ့သို့ လက်နက်ကိုင် တော်လှန်ရေး ပြင်းထန်သည့် ဒေသ မဟုတ်သော်လည်း၊ စစ်ရေး၊ အုပ်ချုပ်ရေးနှင့် မြို့ပြလူမှုဘဝ တပြိုင်နက် ဆုံစည်းနေသည့် မြို့ပြ–စစ်ရေး မျက်နှာပြင်တခု ဖြစ်သည်။ မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ် အခွင့်အရေးများကို အခြေခံ အခွင့်အရေးများအဖြစ် ဖော်ပြထားသည်။ ဤအပိုင်းတွင် မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သည့် ကတိကဝတ်များနှင့် အကောင် အထည်ဖော်ကျင့်သုံးမှုတို့ကို ဆန်းစစ်လေ့လာ သွားမည်ဖြစ်သည်။

### ၅.၄.၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ တရားဝင်အသိအမှတ်ပြုမှုနှင့် ကျင့်ဝတ် ဆိုင်ရာ ကန့်သတ်ချက်များ

မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ၏ အခန်း (၄)၊ အခြေခံ အခွင့်အရေး၊ ရပိုင်ခွင့်နှင့်တာဝန်များ၊ ပုဒ်မ ၁၉ (က) တွင် မန္တလေးဒေသအတွင်း နေထိုင်သူ မည်သူမဆို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချီခွင့် ရှိစေရမည်[26]ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် ပုဒ်မ ၁၉ (ခ) နှင့် (ဂ) တို့တွင် လွတ်လပ်စွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်တို့ကိုလည်း အာမခံထားသည် ။

သို့ရာတွင် ဤအခွင့်အရေးများကို ပြန်လည်ကန့်သတ်ထားသည့် ပုဒ်မ ၁၉ (င) ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ၏ တိကျပြတ်သားမှုကို မေးခွန်းထုတ်စရာ ဖြစ်စေသည်။ အဆိုပါ ပုဒ်မတွင် "ဤပုဒ်မပါ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ် အခြေခံမူများကိုသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားများကိုလည်းကောင်း ထိခိုက်ပျက်ပြားစေ ခြင်းမရှိစေရ"[27] ဟု ဖော်ပြထားသည်။

ဤနေရာတွင် "ပြည်သူတို့၏ ကိုယ်ကျင့်တရား" (Public Morality) ဆိုသည့် စကားရပ်သည် အလွန်ကျယ်ပြန့်ပြီး တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပေ။ နိုင်ငံရေးအရ

[26] မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ
[27] မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ

သဘောထား ကွဲလွဲမှုများ သို့မဟုတ် တော်လှန်ရေး ခေါင်းဆောင်မှု အပေါ် ဝေဖန်ထောက်ပြမှုများကို ကိုယ်ကျင့်တရား ပျက်ပြားစေသည်ဟု လိုသလို အဓိပ္ပာယ်ဖွင့်ဆိုကာ ကန့်သတ်နိုင်သည်။ ဤအချက်သည် အခွင့်အရေးကို အသိအမှတ်ပြု ပေးအပ်ထားသော်လည်း၊ ယင်းကို ကန့်သတ်နိုင်သည့် အခြေအနေများမှာ ကျယ်ပြန့်လွန်းနေပြီး အလွဲသုံးစားပြုရန် လွယ်ကူနေဆဲဖြစ်သည်ဟူသော တွေ့ရှိချက်ကို အတည်ပြုနေပါသည်။

ထို့အပြင် ပုဒ်မ ၂၁ (က) တွင်လည်း "မိမိ၏ သိက္ခာနှင့် ဂုဏ်သတင်းကို ထိခိုက်ခြင်း မခံထိုက်စေရ"[28] ဟု ပြဋ္ဌာန်းထားရာ ၎င်းသည် သတင်းမီဒီယာများ၏ စုံစမ်းထောက်လှမ်းခြင်းနှင့် အဂတိလိုက်စားမှု ဖော်ထုတ်ခြင်းများကို ဂုဏ်သိက္ခာ ထိခိုက်စေမှု ခေါင်းစဉ်ဖြင့် တားဆီးနိုင်သည့် ဥပဒေလက်နက် ဖြစ်လာနိုင်သည်။

### ၅.၄.၂။ လုံခြုံရေး အကြောင်းပြချက်နှင့် မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း (Self-Censorship)

မန္တလေးဒေသသည် စစ်ကိုင်းကဲ့သို့ လွတ်မြောက်နယ်မြေ အပြည့်အဝ မဟုတ်ဘဲ စစ်တပ်၏ ထိန်းချုပ်မှုနှင့် တော်လှန်ရေးလှုပ်ရှားမှုများ ရောထွေးနေသော ဒေသဖြစ်သည့်အတွက် လုံခြုံရေးသည် လွတ်လပ်စွာ ပြောဆိုခွင့်ကို ထိန်းချုပ်သည့် အဓိက အကြောင်းပြချက် ဖြစ်နေသည်။ ဒေသန္တရ ကာကွယ်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များသည် စစ်ရေး သတင်းများ ပေါက်ကြားမည်ကို စိုးရိမ်သဖြင့် အင်တာနက်နှင့် ဝိုင်ဖိုင် (WiFi) လိုင်းများကို ဖြတ်တောက်ခိုင်းခြင်း၊ ကန့်သတ်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ မန္တလေး PDF များ စိုးမိုးသည့် မြို့နယ်တချို့ ဥပမာ စဉ့်ကူးမြို့တွင် စတားလင့် အင်တာနက် အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားပြီး ချိုးဖောက်သူများကို ဒဏ်ကြေးဆောင်စေခြင်း၊ စတားလင့် ဖြုတ်သိမ်းခြင်းတို့ကို ၂၀၂၅ ခုနှစ်အတွင်းက လုပ်ဆောင်ခဲ့သည့်ဖြစ်ရပ်များ[29] ရှိခဲ့သည်။ ဤလုပ်ရပ်သည် စစ်ရေးဗျူဟာအရ လိုအပ်ချက်ဟု ဆိုသော်လည်း[30]၊ တဖက်တွင် ပြည်သူများ၏ သတင်းအချက်အလက် စီးဆင်းမှုနှင့် ထုတ်ဖော်ပြောဆိုခွင့်ကို တိုက်ရိုက် ပိတ်ပင်ခြင်းဖြစ်သည်။

ဤကဲ့သို့ လုံခြုံရေးအရ မဖြစ်မနေ တင်းကျပ်ရခြင်းကို မြေပြင်တာဝန်ရှိသူများကိုယ်တိုင်ကလည်း ပြောကြားထားသည်[31]။ သီးသန့်စကားဝိုင်း ဆွေးနွေးပွဲတွင် ပါဝင်သူတဦးက လက်ရှိမြေပြင်အခြေအနေနှင့် ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ပြုသည် -

"လက်ရှိမြေပြင်လိုအပ်ချက်အရ အသက်တွေရော ဘာတွေရော လိုအပ်ချက် အရ… ရုတ်တရက်ကြီး ဒါကို အုပ်ချုပ်ရတာ၊ စီမံခန့်ခွဲရတာမှာ နည်းနည်း ခပ်ကြမ်းကြမ်းတွေ လုပ်မိ

[28] မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ
[29] https://www.bbc.com/burmese/articles/c0ex8xr5yp7o
[30] https://burmese.dvb.no/post/681989
[31] https://burmese.dvb.no/post/681989

တယ်လို့ မြင်တယ်"[32] ဟု သီးသန့်စကားဝိုင်း ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ ကြားကာလ အစီအမံများ ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူတဦးက ပြောသည်။

ဤပြောဆိုချက်နှင့် မြေပြင်ဖြစ်ရပ်များကို သုံးသပ်ကြည့်ပါက အင်တာနက် ဖြတ်တောက်ခြင်းကဲ့သို့သော လုပ်ရပ်များသည် စစ်ရေးဗျူဟာအရ လိုအပ်ချက် ဖြစ်သော်လည်း တဖက်တွင် ပြည်သူများ၏ သတင်းအချက်အလက် စီးဆင်းမှုနှင့် ထုတ်ဖော် ပြောဆိုခွင့်ကို တိုက်ရိုက် ပိတ်ပင်ကန့်သတ်ခြင်း ဖြစ်နေကြောင်း တွေ့ရှိရသည်။

ဤသုတေသနက လေ့လာထားသည့် အခြားဒေသများနည်းတူ မန္တလေးဒေသ တွင်လည်း လုံခြုံရေးအတွက် မိမိ ကိုယ်ကိုယ် ဆင်ဆာဖြတ်တောက် ခြင်းကိုလည်း တွေ့ရသည်။ မန္တလေးသည် မြန်မာစစ်တပ်၏ ထိန်းချုပ်အင်အားကောင်းသည့် မြို့ပြနှင့် နီးကပ်စွာ တည်ရှိနေရာ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် မဖြစ်မနေ သွားလာကူးလူးမှု ပြုလုပ်ရသည့်အခါ အသက်အန္တရာယ် ဘေးကင်းရန်အတွက် ဝေဖန် ထောက်ပြမှုများနှင့် နိုင်ငံရေးအမြင်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ နှုတ်ဆိတ် နေရန်ရွေးချယ်ကြရသည်။ အထူးသဖြင့် စစ်တပ်၏ စစ်ဆေးရေးဂိတ်များတွင် မိုဘိုင်းဖုန်း များ စစ်ဆေးခံရပါက ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိရာ လူမှုကွန်ရက်အကောင့်များကို ဖျက်သိမ်းခြင်း၊ နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖုန်းအတွင်းမှ ရှင်းလင်းထားခြင်း စသည့်နည်းလမ်းများဖြင့် မိမိကိုယ်ကို ကာကွယ်နေကြရသည်။။

**၅.၄.၃။ ဥပဒေပြဋ္ဌာန်းချက်နှင့် လက်တွေ့အကောင်အထည်ဖော်မှုကြား ကွာဟချက် (The Survival Gap)**

စုစည်းသုံးသပ်ကြည့်ပါက မန္တလေးဒေသ၏ ကြားကာလနိုင်ငံရေးအစီအမံသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီစွာ အသိ အမှတ်ပြုထားသည်ဟုဆိုရန် ခက်ခဲပြီး လက်တွေ့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အကောင်အထည်ဖော်မှုကို လုံခြုံရေးအရေးပေါ် အမြင်များက ဆုံးဖြတ်ပေး နေသည်ကို တွေ့ရသည်။

---
[32] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ ကရင်နီပြည်၏ ကြားကာလအစီအမံ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူတဦး

## ၆။ နှိုင်းယှဉ်သုံးသပ်ချက်နှင့် ဆွေးနွေးချက်များ

ဤအခန်းတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်၊ ကရင်နီပြည် ကြားကာလအစီအမံ၊ စစ်ကိုင်း ဖက်ဒရယ်ယူနစ် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မန္တလေးဒေသ ကြားကာလနိုင်ငံရေးအစီအမံတို့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မည်သို့ အသိအမှတ်ပြုထားသည်၊ မည်သည့် ကန့်သတ်ချက် များထားရှိပြီး မည်သို့ လက်တွေ့ အကောင်အထည်ဖော်နေကြသည်တို့ကို နှိုင်းယှဉ်သုံးသပ် ထားသည်။ ဤသုတေသနစာတမ်းတွင် တင်ပြထားသည့် ပဋိညာဉ်များ၊ ပြဋ္ဌာန်းချက်များနှင့် ဥပဒေအားလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံအခွင့်အရေးအဖြစ် တနည်းနည်းဖြင့် အသိအမှတ်ပြုထားသော်လည်း အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင် သည့် လက်တွေ့မြေပြင် အဆင့်တွင် ကွာခြားမှုများ ထင်ရှားစွာ တွေ့ရသည်။

### ၆.၁။ ကန့်သတ်ချက်ပုံစံများ - တသီးပုဂ္ဂလ လွတ်လပ်ခွင့်ကို စုပေါင်း အခွင့်အရေးတွင် ရောထွေးထားခြင်း

ဤဖွဲ့စည်းပုံဆိုင်ရာ ဥပဒေစာရွက်စာတမ်းများကို လေ့လာရာတွင် စစ်ကိုင်းနှင့် မန္တလေး ကြားကာလအစီအမံများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တသီးပုဂ္ဂလ နိုင်ငံသား လွတ်လပ်ခွင့်များအဖြစ် အတိအလင်း ဖော်ပြထားသော်လည်း ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်နှင့် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံတွင်မူ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို စုပေါင်း အခွင့်အရေး (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး များတွင် ရောထွေးထည့်သွင်း ထားသည်ကိုတွေ့ရသည်။ မန္တလေးနှင့် စစ်ကိုင်းတို့၏ ကြားကာလအစီအမံနှင့် ဖွဲ့စည်းပုံ ဥပဒေတို့တွင် "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ် ထုတ်ဝေခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် သတင်းဖြန့်ချီခွင့်" တို့ကို အတိအလင်း ခွင့်ပြုပေးထားသည်။ စစ်ကိုင်း ဖက်ဒရယ်ယူနစ်၏ ဖွဲ့စည်းပုံတွင် နိုင်ငံသားများက အစိုးရထံမှ မှတ်တမ်းများ တောင်းခံခွင့် ရှိစေမည့် သီးခြား သတင်းအချက်အလက် ရယူ ပိုင်ခွင့် (Right to Information) ကိုလည်း ထည့်သွင်း ထားသည်ကိုလည်း တွေ့ရသည်။

ဤကြားကာလ ဥပဒေများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို သီးခြား ရပ်တည်နေသော နိုင်ငံသား လွတ်လပ်ခွင့် (Standalone Civil Liberty) တခုအဖြစ် သဘောထားကြသည်။ သို့သော် ဤအခွင့်အရေးများ၏ အတိုင်းအတာနယ်နမိတ်ကို တိကျစွာ ဖွင့်ဆိုခြင်းမရှိဘဲ ယေဘုယျဝေါဟာရများကိုသာ အသုံးပြုထားသဖြင့်၊ မရေရာမှု များဖြင့် ရှုပ်ထွေးနေသည်။

သုတေသန လေ့လာဆန်းစစ်ချက်များအရ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်နှင့် ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံတွင် တသီးပုဂ္ဂလ အခွင့်အရေးများထက် စုပေါင်းအခွင့်အရေးများကို ပိုမိုအလေးပေးထားပြီး လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ယဉ်ကျေးမှု အခွင့်အရေးများအောက်တွင် ရောထွေးထားသည်ကို တွေ့ရသည်။ အခွင့်အရေးများကို လူတိုင်းနှင့် သက်ဆိုင်သည့် တသီးပုဂ္ဂလ လွတ်လပ်ခွင့်များအနေဖြင့် မဟုတ်ဘဲ ဝိသေသပြု အုပ်စုများ (ဥပမာ - တိုင်းရင်းသားများ၏ အခွင့်အရေး၊ အမျိုးသမီးများ၊ လူငယ်များ) ပုံစံဖြင့် ဘောင်ခတ် ထားသည်ကို တွေ့ရသည်။

အဆိုပါ စာတမ်း (၄) ခုစလုံးတွင် ဤအခွင့်အရေးများကို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် ICCPR သို့မဟုတ် UDHR စံနှုန်းများကို အတိအလင်း ရည်ညွှန်းခြင်း သို့မဟုတ် အသုံးပြုထားခြင်း မရှိပေ။ ထို့ကြောင့် ဒေသခံ စစ်ရေး ခေါင်းဆောင်များအနေဖြင့် ၎င်းတို့လိုသလို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် အခြေအနေ တရပ် ဖြစ်ပေါ်စေလျက်ရှိသည်။

## ၆.၂။ ပြန်လည်ကန့်သတ်ခြင်း၊ လုံခြုံရေးနှင့် လွတ်လပ်ခွင့် အားပြိုင်မှု

ဒေသအားလုံးတွင် တွေ့ရှိရသောအဓိကတွေ့ရှိချက်မှာ လုံခြုံရေးအခြေအနေက အခွင့်အရေးများကို လွှမ်းမိုးထားခြင်းဖြစ်သည်။ ကြားကာလ အစီအမံများနှင့် ဖွဲ့စည်းပုံ ဥပဒေများတွင် မည်သို့ပင် ရေးသားထားစေကာမူ လုံခြုံရေးဟူသော စကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးကို ကျော်လွှန်နိုင်ကြောင်း တွေ့ရသည်။

စစ်ကိုင်းဒေသ၏ အခြခံဥပဒေ မူကြမ်းတွင် အများပြည်သူ လုံခြုံရေးကို ထိခိုက်ပါက အခွင့်အရေးကို ကန့်သတ်နိုင်ကြောင်း ဖော်ပြထားပြီး မန္တလေးဒေသ၏ ကြားကာလအစီအမံတွင် "ဒီမိုကရေစီနှင့် ဖက်ဒရယ် အခြေခံမှုများကိုသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားများကို လည်းကောင်း ထိခိုက်ပျက်ပြား စေလျှင်" စသော အဓိပ္ပါယ်ဖွင့်ဆိုချက် ကျယ်ပြန့်သည့် အသုံးအနှုန်းများဖြင့် ပေးခဲ့သော အခွင့်အရေးများကို ပြန်လည် ကန့်သတ်ထားသည်ကို တွေ့ရသည်။

ထို့အပြင် မန္တလေးဒေသ၏ ကြားကာလနိုင်ငံရေး အစီအမံတွင် ဖွဲ့စည်းပုံဆိုင်ရာကင်းလွတ်ခွင့်ပါရှိနေသည်။ ပုဒ်မ ၁၅၁ တွင် "ဤကြားကာလနိုင်ငံရေးအစီအမံအရ ဆောင်ရွက်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လုပ်ငန်းများ နှင့်စပ်လျဉ်း၍ မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"[33]ဟု အတိအလင်း ဖော်ပြထားသည်။ ဤအချက်သည် ကြီးမားသော အန္တရာယ် အချက်ပြမှုဖြစ်သည်။ ပုဒ်မ (၁၉) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ခွင့်ပြုပေးထားသော်လည်း၊ ပုဒ်မ (၁၅၁) သည် ကြားကာလ အာဏာပိုင်များအနေဖြင့် ဤအစီအမံအောက်တွင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု အကြောင်းပြပါက အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်

[33] မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ

ပေးလိုက်ခြင်းဖြစ်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အကာအကွယ်များကို ထိရောက်မှု မရှိစေတော့ပေ။

ထို့အပြင် မြေပြင်အကောင်အထည်ဖော် ဆောင်ရွက်မှုကို လေ့လာမည်ဆိုပါက သီးသန့်စကားဝိုင်း ဆွေးနွေးခြင်းနှင့် အင်တာဗျူး မေးမြန်းမှု အချက်အလက်များအရ ဒေသအားလုံး နီးပါးတွင် လုံခြုံရေးကို အကြောင်းပြ၍ စတားလင့်အင်တာနက် ဖြတ်တောက်ခြင်း၊ သတင်းရယူမှု တင်ဆက်မှုကို တားမြစ်ခြင်းတို့ကို ပြုလုပ်နေသည်ကို တွေ့ရသည်။

"စစ်ရေးစစ်ရာ ကိစ္စတွေက သတင်းထုတ်လို့ မရဘူး။ ကျွန်တော်တို့ ပြည်သူတွေ သတင်း သိပိုင်ခွင့်၊ သတင်းထောက်တွေ သတင်းအချက်အလက် မေးပိုင်ခွင့်တွေက မရှိတော့ဘူး။ အဲ့ဒီလို အကြောင်းအရာတွေကျရင်တော့ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ဆိုတာကို ထိခိုက်လာတယ်လို့ပြောလို့ရတယ်။ အကြောင်းပြချက်က စစ်ရေးနဲ့ လုံခြုံရေး၊ စစ်ရေးနဲ့ ပတ်သက်တဲ့ အခါကျတော့ ခက်ပါတယ်"[34] ဟု ကရင်နီပြည်နယ် အခြေစိုက် သတင်းထောက်တဦးကပြောသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းတုန်းကဆိုရင် ကျွန်တော်တို့ မော်ချီးမှာ လေယာဉ်ကြဲသွားတော့ လေယာဉ်ကြဲသွားတယ်ဆိုပြီးတော့ စတားလင့်တွေပိတ်မယ်ဆိုတဲ့ ဟာမျိုးလေးတွေရှိတယ်။ တလလောက်ပိတ်မယ်လို့ပြောတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာက ဘယ်ကိစ္စကြောင့် ဖြစ်လဲဆိုတာ အဓိက မသိဘူးပေါ့ ဘယ်ကိစ္စကြောင့် ဖြစ်လဲဆိုတာ မသိဘဲနဲ့ သတင်းပေါက်လို့၊ အင်တာနက်ကနေ လိုင်းပေါ်တင်ပြီး စကားပြောလိုက်လို့ ပေါက်တာပဲဆိုပြီးတော့ အကုန်လုံးကိုပိတ်တာလည်း ရှိတယ်"[35] ဟု ကရင်နီပြည်နယ်မှ စစ်ရှောင်တဦးက ဆိုသည်။

"ဆင်ဆာဖြတ်တာလည်း တချို့နေရာမှာတော့ ရှိတယ်။ ဥပမာ- ကိုယ့်ဌာနမှာ သုံးမယ့် ဓာတ်ပုံတွေ ပြန်ပြရတာ သတင်းရေးပြီး မတင်ခင်မှာ သူတို့ကို ပြန်ပြ ဆိုတာမျိုးလည်း ရှိသလို၊ ခြိမ်းခြောက်ခံရမှုတွေလည်းရှိတယ်"[36] ဟု လွတ်လပ်သော မြန်မာသတင်း မီဒီယာ ကောင်စီအဖွဲ့ဝင် တဦးက အင်တာဗျူးတွင် ပြောခဲ့သည်။

"လုံခြုံရေးအရတော့ တချို့ဒေသတွေမှာ စစ်ရေးအခြေအနေ တင်းမာမှုတွေ စစ်တပ်ရဲ့ တိုက်ခိုက်မှုတွေ တင်းမာမှုတွေအခြေအနေရှိတဲ့အခါမှာဆိုရင်တော့ အင်တာနက်နဲ့ ပတ်သက်ပြီးတော့ စည်းကမ်းချက်လေးတွေ ထုတ်ပြန်ပြီးတော့ သတ်မှတ်တာမျိုး တွေရှိတယ်"[37] ဟု စစ်ကိုင်းတိုင်းအခြေစိုက် တက်ကြွလှုပ်ရှားသူတဦးက ဆိုသည်။

---

[34] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ ကရင်နီပြည် အခြေစိုက် သတင်းစာဆရာ
[35] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ ကရင်နီပြည် ဒေသခံ စစ်ရှောင်
[36] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်
[37] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ စစ်ကိုင်းအခြေစိုက် တက်ကြွလှုပ်ရှားသူ တဦး

လုံခြုံရေးကို အကြောင်းပြု၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းရယူ တင်ဆက်ခွင့်တို့ကို ကန့်သတ်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်သူများက တားမြစ်ကန့်သတ်၍သာ မဟုတ်ဘဲ လူတဦးချင်းကိုယ်စီက မိမိကိုယ်ကိုယ် ဆင်ဆာဖြတ်ကန့်သတ်ခြင်းများ ပြုလုပ်ကြောင်းကိုလည်း တွေ့ရသည်။ ၎င်းသည် ကိုယ်တိုင်၏ လုံခြုံရေးဆိုင်ရာ အတွေ့ အကြုံများကြောင့်သော်လည်းကောင်း လူမှုပတ်ဝန်းကျင်က ပေးသည့် ဖိအားများကြောင့် သော်လည်းကောင်း ဖြစ်နိုင်သည်။

"ဥပမာ- လက်နက်ကိုင် အဖွဲ့အစည်းတခုနောက်ခံရှိတဲ့ မီဒီယာ၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်တွေနဲ့ နောက်ခံဖြစ်စေ၊ ဒီအဖွဲ့ အစည်းကို သူတို့က ထောင်ပေးတာ ဖြစ်စေ၊ အဲ့ဒီလို နောက်ခံရှိတဲ့ မီဒီယာတွေတောင်မှ အဲ့ဒီအဖွဲ့အစည်းနဲ့ လိုက်ပြီး သတင်းလိုက်ယူရင် သူတို့က လိုက်လို့ ရတယ်။ သို့သော် ပြန်ရေးတဲ့နေရာမှာ မလွတ်လပ်တော့ဘူး။ သတင်းရယူတဲ့ နေရာမှာတော့ လွတ်လပ်တယ်။ ဖော်ပြတဲ့နေရာမှာ မလွတ်လပ်တော့ဘူး၊ သူက *Self-censorship* လုပ်သွားတာ ဖြစ်တယ်"[38] ဟု သတင်းစာသင်တန်းဆရာတဦးက ဆိုသည်။

"ဒီနေရာကို သိသွားရင် စစ်တပ်က ဗုံးကြဲမယ်ဆိုတဲ့ ကောလဟာလတွေ၊ စိုးရိမ်ချက်တွေက ပြည်သူတွေဆီမှာ အများကြီးရှိနေတော့ တခုခုသိရင်တောင် မပြောရဲဘူး။ နေရာမသိရင် တောင် ကိစ္စလေးတွေဖြစ်သွားတယ်၊ သတင်းလေးတွေ တက်သွားတယ် ဆိုရင်တောင် ကိုယ့်လုံခြုံရေးအတွက်၊ ကိုယ်နေထိုင်နေတဲ့ဒေသကို တခုခု သက်ရောက်မှာ အရမ်းကြီး စိုးရိမ်တဲ့အတွက် ဘာမှာကိုဝင်မပြောကြတော့တဲ့ အခြေအနေတွေရှိတယ်"[39] ဟု ကရင်နီ အခြေစိုက် သတင်းထောက်က ဆိုသည်။

"တချို့သတင်းပရိတ်သတ်တွေထဲမှာလည်း ဒီလို တော်လှန်ရေး အဖွဲ့တွေကို ထောက်ခံတဲ့ လူတွေ ရှိတဲ့အခါ ဒီအစုအဖွဲ့တွေရဲ့ ဖုံးဖိထားချင်တဲ့ ဖုံးဖိထားသင့်တယ်လို့ ယူဆထားတဲ့ ကိစ္စရပ်တွေ ရှိတယ်။ နောက်တခုက လုံးလုံးကို ဖုံးဖိထားချင်တဲ့ သတင်း အချက်အလက် တွေလည်း ရှိကောင်းရှိမယ်။ အဲ့ဒါကို ရေးသားလိုက်၊ ထုတ်ဖော်လိုက်တဲ့အခါကျရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေမဟုတ်ဘဲနဲ့ တာဝန်ရှိသူတွေကို ပံ့ပိုး ထောက်ခံ နေသူတွေ ကလည်း ဒီ *social media* တွေကနေ ဘယ်သတင်းဌာနလဲ သတင်း မီဒီယာတွေကို သူတို့ကိုတော့ တခုခုတော့ ကိုင်တွယ် ရတော့မယ်လို့ ဘေးကနေ နဲနဲလေး လှုံ့ဆော်ပေး ရမယ်ဆိုတဲ့ ဟာမျိုးတွေလည်း ကြုံရတာမျိုးတွေရှိတယ်။ ပြီးရင် *post* တင်ပြီးရင် ကိုယ့်ရဲ့ သတင်းဌာနရဲ့ သူတို့မကြည်ဖြူတဲ့ သတင်းဌာနရဲ့ စာမျက်နှာတွေ၊ အထူးသဖြင့်တော့ *facebook page* တွေပါပဲ *screenshot* လုပ်ပြီးတော့ *post* တင်လိုက်တာမျိုးတွေနဲ့ အဲ့လိုလှုံ့ဆော်နေတဲ့ဟာမျိုးတွေနဲ့ တွေ့ရတယ်"[40] ဟု လွတ်လပ်သောမြန်မာ သတင်းမီဒီယာ ကောင်စီအဖွဲ့ဝင်တဦးက ဆိုသည်။

---

[38] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ သတင်းမီဒီယာကျွမ်းကျင်သူ
[39] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ ကရင်နီအခြေစိုက် သတင်းစာဆရာတဦး
[40] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ လွတ်လပ်သော မြန်မာ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်

ဇယား ၃။ ဒေသအလိုက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (FOE) အာမခံချက်နှင့် ကန့်သတ်ချက်များ နှိုင်းယှဉ်ချက်

| ကြားကာလ အစီအမံ | ဥပဒေတွင် အသိအမှတ်ပြုထားမှု | ပြန်လည်ကန့်သတ်ထားမှု | လက်တွေ့ မြေပြင်အခြေအနေ |
|---|---|---|---|
| **ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်** | အခြေခံလူ့အခွင့်အရေးများကို ရပိုင်ခွင့်ရှိသည်။ | တသီးပုဂ္ဂလ FOE ထက် စုပေါင်းအခွင့်အရေး (Collective Rights) နှင့် တိုင်းရင်းသားအခွင့်အရေးကို ပိုမိုဦးစားပေးထားသည် ။ | တိကျသော စံနှုန်းများ မပါရှိဘဲ ယေဘုယျ ဆန်လွန်းနေခြင်း။ |
| **ကရင်နီပြည်နယ် ကြားကာလ အစီအမံ** | လူ့အခွင့်အရေး စံတန်ဖိုးများကို လေးစားမည်။ | ဥပဒေဖြင့် ကန့်သတ်ထားခြင်းထက်၊ ဥပဒေကွက်လပ် ဖြစ်နေခြင်းကပင် ကန့်သတ်ချက် ဖြစ်နေသည်။ | လုံခြုံရေးအကြောင်းပြချက်ဖြင့် အမိန့် ထုတ်ပြန်ချက်များဖြင့် ကန့်သတ်။ |
| **စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ** | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ထုတ်ဝေခွင့် ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။ | (၁) အများပြည်သူလုံခြုံရေး၊ (၂) ပဋိပက္ခဖြစ်စေမှု၊ (၃) ဂုဏ်သိက္ခာ ထိခိုက်စေမှု တို့ဖြင့် ကန့်သတ်ထားသည်။ | အုပ်ချုပ်ရေးအာဏာ နေရာအလိုက် ကွဲပြားနေခြင်း။ |
| **မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ** | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ထုတ်ဝေခွင့် ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။ | ပြည်သူ့ကိုယ်ကျင့်တရားနှင့် ဒီမိုကရေစီ/ဖက်ဒရယ် အခြေခံမှုများကို မထိခိုက်ရဟု ကန့်သတ်ထားသည်။ | နေရာအလိုက် သီးခြားကန့်သတ်။ |

## ၆.၃။ ဖွဲ့စည်းပုံများတွင် သက်ဆိုင်သူအားလုံး ပါဝင်နိုင်မှု အားနည်းခြင်း

ဤကြားကာလ ဖွဲ့စည်းပုံများနှင့် အစီအမံများ ရေးဆွဲရာတွင် သက်ဆိုင်သူ အားလုံး ပါဝင်သည်ဟု ကြွေးကြော်ထား သော်လည်း၊ လက်တွေ့တွင် နိုင်ငံရေးနှင့် လက်နက်ကိုင် အင်အားစု အများစုသာ ပါဝင်နေသည်ကို တွေ့ရသည်။

ကရင်နီပြည်နယ် ကြားကာလအစီအမံ၏ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်းတွင် အဓိက အစုအဖွဲ့ (၅)ဖွဲ့ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေး ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ် အင်အားစု၊ အရပ်ဖက်အဖွဲ့များနှင့် သပိတ်ကော်မတီများနှင့် အမျိုးသမီးကိုယ်စားပြု အဖွဲ့များဟု အတိအလင်း ဖော်ပြထားသည်။ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်၊ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံ အခြေခံ

ဥပဒေနှင့် မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံတို့တွင်လည်း အလားတူ အစုအဖွဲ့များ ပါဝင်သည်ဟု ဖော်ပြထားသည်။ သုတေသန၏ သီးသန့်စကားဝိုင်းဆွေးနွေးခြင်း အချက်အလက်များက ၎င်းကို စာရင်းဖြည့်ရုံသက်သက် ပါဝင်စေခြင်းဟု မြင်ကာ စစ်မှန်သော ပြည်သူ့သဘောထား တောင်းခံမှုနှင့် မတူညီဟု ကောက်ချက်ချသည်။

"ဒီကြားကာလ အစီအမံတွေ ဆွဲတုန်းက အကျုံးဝင်ခြင်း၊ မဝင်ခြင်းကျတော့ ဒေသ အလိုက် ခွဲပြောရမယ်။ အားလုံး မဟုတ်ပေမဲ့။ အချို့ဒေသတွေမှာတော့ သူ့ဒေသမှာရှိတဲ့ အစုအဖွဲ့တွေ အကုန်လုံးကို စည်းနှောင်မိတယ်ပေါ့။ ကြိုးစားပြီးတော့ စုကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ အထိုင်ကိုက စ စဉ်းစားကတည်းကိုက သူတို့က ဒီတော်လှန်ရေး ဘက်တော်သားဆိုတဲ့ အထိုင်က စရတာကိုး။ အကုန်လုံး Issue တော့ စုံတယ်၊ ဒါပေမဲ့ လူတွေက ရောနေတယ်ဆို ရင်လည်း အဲ့ဒါ ပြဿနာရှိတာပေါ့။ ရှိတော့ ကျွန်တော်တို့က တော်လှန်ရေးစည်းနဲ့ အရင်ထားလိုက်တဲ့ အချိန်မှာ စပြီး အကျုံးဝင်မှုမှာ ကန့်သတ်မှု ရှိသွားတာ"[41]

သုတေသန အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ သတင်းသမားများနှင့် ပြည်သူများကမူ ကြားကာလအစီအမံ ဥပဒေများ ရေးဆွဲသည့် လုပ်ငန်းစဉ်များကို မသိရှိခဲ့ကြောင်း ထောက်ပြသည်။

"လွတ်လပ်တဲ့ သတင်းမီဒီယာကောင်စီက ၂၀၂၃ ဒီဇင်ဘာမှာ ပေါ်လာတာဆိုတော့ သူတို့ ဒီဟာတွေ ပြုစုတဲ့အခါမှာ ဥပမာ-မန္တလေးနဲ့ စစ်ကိုင်းကတော့ ဒီထက်နောက်ကျတယ်။ ၂၀၂၅ ကျတော့မှ ပြုစုတာ တွေ့ရတယ်။ ကရင်နီ ပြည်နယ် ကတော့ အဲ့ဟာထက် နန့်နဲ့စောတယ်ပေါ့နော်။ အခုဒီ မန္တလေးတို့ စစ်ကိုင်းတို့မှာတော့ ဒီ IPCM ကပါတယ်လို့လည်း ကျွန်တော်သိသလောက်တော့ မကြားမိဘူး။"[42] ဟု သတင်းစာသင်တန်းဆရာတဦးက ဆိုသည်။

*"IPCM (လွတ်လပ်သော မြန်မာသတင်းမီဒီယာ ကောင်စီ)* နဲ့ တိုင်ပင်ညှိနှိုင်းတာမျိုး၊ အကြံပြုမှုလေးတွေ၊ မှတ်ချက်လေးတွေ တောင်းတာမျိုးတွေမရှိဘူး*"*[43] ဟု IPCM အဖွဲ့ဝင်က ပြောခဲ့သည်။

*"*ဥပဒေတွေ၊ မူဝါဒတွေ ရေးဆွဲတဲ့ အချိန်မှာကျရင်တော့ ကျွန်တော် သိသလောက် ဆိုရင်တော့ ဟို ပါဝင်သင့်တဲ့ အဖွဲ့အစည်းတွေ၊ ဥပမာ အမျိုးသမီးအဖွဲ့တွေ၊ နိုင်ငံရေးအဖွဲ့တွေ၊ လက်နက်ကိုင်အဖွဲ့တွေ သူက ခေါ်ပြီးတော့ ဆွေးနွေးကြတယ်လို့တော့ သိတယ်။ ဒါပေမဲ့ ခုနဟာမျိုး တချို့ကျွန်တော်တို့ သတင်းသမားတွေကျတော့ အပြင်လူ၊

[41] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ ကရင်နီပြည်၏ ကြားကာလအစီအမံ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူတဦး

[42] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ သတင်းစာသင်တန်းဆရာ

[43] အင်တာဗျူးတွင်ပါဝင်ဖြေဆိုသူ၊ လွတ်လပ်သာမြန်မာသတင်းမီဒီယာကောင်စီအဖွဲ့ဝင်

အရပ်သားတွေ ဖြစ်နေတာပေါ့နော်။ ဆိုတော့ အဲ့ဒီလိုဟာမျိုးတွေမှာတော့ ကျွန်တော်တို့က မသိဘူးလို့ပဲ ပြောရမယ်"[44] ဟု ကရင်နီအခြေစိုက် သတင်းထောက်တဦးက ဆိုသည်။

သီးသန့်စကားဝိုင်း ဆွေးနွေးမှုအချက်အလက်များအရမူ မီဒီယာကို ပါဝင်ဆောင်ရွက်သူထက် ပြင်ပမှ ထိန်းကျောင်းသူ စတုတ္ထမဏ္ဍိုင်အဖြစ်သာ ရှုမြင်ကြသဖြင့် ၎င်းတို့ကို ပြန်လည် ထိန်းကျောင်းမည့် ဥပဒေများ ရေးဆွဲရာတွင် ၎င်းတို့ကိုယ်တိုင် မပါဝင်ရဘဲ ဖယ်ထုတ်ခံခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

"ကြားကာလ အစီအမံတွေမှာ *Representation* ကို စဉ်းစားရင် မီဒီယာက နည်းနည်းတော့ ခေါင်းစားတဲ့ အထဲမှာ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက စတုတ္ထမဏ္ဍိုင်လို့ ပြောတဲ့အတွက် သူက ကြားကာလ အစီအမံမှာ ထည့်မတွက်ဘူး။ သူက မဏ္ဍိုင်ကြီး သုံးရပ်ပဲ ပြောတာ ဘယ်တော့နေနေ ကျတော့်တို့ တော်တော် များများက မီဒီယာကို ထည့်မတွက်ကြဘူး။ အဲ့ဒါကြောင့် *CSO Representation* တွေတောင်မှ ဒီကြားကာလ အစီအမံတွေ ပြောဖို့ဆိုတာ နည်းနည်းခက်တယ်။ သူ ဘယ်အထိုင်က ပြောမှာလဲပေါ့၊ အခြေခံမူမှာပဲ ပြောလို့ရတယ်။ ဒါပေမဲ့ အဲ့ဒါကြီးကို ပုံဖော်ပြီး အုပ်ချုပ်တဲ့အချိန်မှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမှာ သူ့ရဲ့ *Mechanism*၊ ယန္တရားနဲ့ ပြန်သွားပြီးတော့ *CSO* တွေနဲ့ ဒီတခြား အင်အားစုတွေက ဘယ်မှာ သပိတ်ကော်မတီက ဘယ်မှာ သွားပါလဲဆိုတော့ အတိုင်ပင်ခံကောင်စီမှာပဲ အမြင့်ဆုံး ပါနိုင်တယ်"[45] ဟု နည်းပညာပိုင်းအထောက်အကူပြုခဲ့ပြီး ဆွေးနွေးပွဲတွင် ပါဝင်သူ က ဆိုသည်။

မန္တလေးဒေသ၏ ကြားကာလ နိုင်ငံရေးအစီအမံရေးဆွဲစဉ်က Telegram, Signal, Email တို့မှတဆင့် ပြည်သူ့ အကြံပြုချက် ရယူခဲ့သည်ဟု ဆိုသော်လည်း ၎င်းသည် ပေးပို့မှ လက်ခံသည့် ပုံစံ (passive participation) သာဖြစ်ပြီး၊ တက်ကြွစွာ ဖိတ်ခေါ်ဆွေးနွေးခြင်း (active consultation) မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်အတွက် အရေးပါသော အကာအကွယ်များသည် မူကြမ်းများတွင် ပါဝင်မလာခဲ့ပေ။

## ၆.၄။ ပါဝင်ခွင့်မရနိုင်ခြင်း၏ နောက်ကွယ်မှ အကြောင်းတရားများနှင့် ကန့်သတ်ချက်များ

ကြားကာလ အစီအမံများနှင့် ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေများတွင် သက်ဆိုင်သူအားလုံး မပါဝင်နိုင်ခြင်းသည် တမင် ရည်ရွယ်ချက်ရှိရှိ ဖယ်ထုတ်ခြင်း မဟုတ်ဘဲ၊ တော်လှန်ရေးကာလ၏ ဖွဲ့စည်းပုံဆိုင်ရာနှင့် လက်တွေ့မြေပြင် ကန့်သတ်ချက်များကြောင့်လည်း ဖြစ်သည်။

[44] အင်တာဗျူးတွင်ပါဝင်ဖြေဆိုသူ၊ ကရင်နီပြည်နယ်အခြေစိုက် သတင်းစာဆရာတဦး
[45] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ ကရင်နီပြည်၏ ကြားကာလအစီအမံ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူ

ဤဖွဲ့စည်းပုံမူကြမ်းများ စတင်ရေးဆွဲချိန်သည် မြေပြင်တွင် စစ်ရေးအရ ရင်ဆိုင်တုံ့ပြန် နေရချိန်လည်းဖြစ်သည်။ စစ်တပ်၏ အရပ်သားများအပေါ် ပစ်မှတ်ထား တိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် စစ်ကြောင်းထိုးမှုများကြောင့် လူစုလူဝေးဖြင့် သဘောထား ခံယူခြင်းများ ပြုလုပ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် မူဝါဒ ရေးဆွဲသူများသည် ကျဉ်းမြောင်းသော အစုအဖွဲ့ငယ်များဖြင့်သာ လျှို့ဝှက်ဆွေးနွေး ဆုံးဖြတ်ရလေ့ရှိရာ၊ ကျယ်ပြန့်သော ပါဝင်မှုကို ဟန့်တားစေသည်။ ထိုအကန့်အသတ်ကို သုတေသန အင်တာဗျူးတွင် ပါဝင်ခဲ့သည့် သတင်းစာသင်တန်းဆရာက ဆွေးနွေးထားသည်။

"တော်လှန်ရေးကာလ တဖွဲ့နဲ့တဖွဲ့ လူတယောက်နဲ့တယောက် အဖွဲ့အစည်းတခုနဲ့တခု လွတ်လွတ်လပ်လပ် ဆက်သွယ်ပြောဆိုနိုင်တဲ့ အနေအထားမရှိဘူး။ လုံခြုံရေးကို ဦးစားပေးနေကြတဲ့ အနေအထားလည်းရှိတယ်။ ဥပမာ- စစ်တပ်ဘက်ကို သတင်းပေါက် သွားမှာတို့၊ ဒီလူက အခုဘာလုပ်နေလဲပေါ့။ ဒီလူက ထိုင်းမှာလား နယ်စပ်မှာလား၊ ပြည်တွင်း မှာလား အတိအကျမသိနိုင်တဲ့ အနေအထားမျိုးမှာလည်း သူ့ကိုသွားပြီးတော့ ထိတွေ့ပြီးတော့ မေးမြန်းဖို့ ချဉ်းကပ်ဖို့ ကမ်းလှမ်းဖို့ မလုပ်ရဲတာမျိုး ဒါလုံခြုံရေးကြောင့်မို့လို့ အဲ့ဒီအနေအထားမျိုးကိုလည်း နားလည်နိုင်တယ်"[46] ဟု သူ က ဆိုသည်။

ကြားကာလအစီအမံများကို ရေးဆွဲသည့် တော်လှန်ရေးအင်အားစုများသည် စစ်ရေးနှင့် အုပ်ချုပ်ရေးကို တပြိုင်ထဲ တည်ဆောက်ရသဖြင့် ဥပဒေပြုရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် အချိန်ပေးနိုင်မှုတွင်လည်း အကန့်အသတ်များရှိသည်။ ထိုအကန့်အသတ်များကြောင့် မူဝါဒများကိုရေးဆွဲရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ သို့မဟုတ် ဒီမိုကရေစီ စံချိန်စံညွှန်းများစသည့် ဝေါဟာရများကို နည်းပညာပိုင်းဆိုင်ရာ ဥပဒေ သက်ရောက်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိဘဲ ထည့်သွင်းလေ့ရှိကြသည်။ သုတေသန သီးသန့်ဆွေးနွေးပွဲတွင် ပါဝင်သူတဦးက ထိုအချက်ကို ယခုကဲ့သို့ ဆွေးနွေးသွားခဲ့သည်။

"နိုင်ငံတကာစံနှုန်းဆိုတာ အသုံးအများဆုံးပဲ၊ တခုခုရေးရင် အဲ့ဒီကနေပဲ စတာပဲ။ နိုင်ငံတကာ စံနှုန်းနဲ့ညီအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားတာ။ ဒါပေမဲ့ အဲ့ဒီနိုင်ငံတကာ စံနှုန်းက ဘာလဲဆိုတာ တကယ်ရော သေချာ နားလည်ကြရဲ့လားဆိုတာ သံသယဝင်ကြတာပေါ့။ နိုင်ငံတကာ စံနှုန်းက ဘာလဲပေါ့။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆို ခွင့်ရှိရမယ် လက်ခံတယ်။ ဒါပေမဲ့ အသေးစိတ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က ဘာတွေလဲ၊ ဘယ်လို ကာကွယ်ပေးရမလဲဆိုတဲ့ အဲ့စဉ်းစားမှုတော့ ကျွန်တော်ထင်တယ် မရှိဘူးပေါ့။ တကယ် လုပ်တဲ့အခါကျမှ နောက်ကနေ ပြန်လိုက်ပြီးတော့ *regulate* လုပ်ရတာမျိုး ဖြစ်လာတယ်လို့ ထင်တယ်"[47] ဟုသီးသန့်စကားဝိုင်းဆွေးနွေးပွဲတွင်ပါဝင်သူတဦးက ပြောကြားသည်။

---

[46] အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ၊ သတင်းစာသတင်တန်းဆရာ

[47] သီးသန့်စကားဝိုင်းဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးသူ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ပဋိညာဉ်ရေးဆွဲရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သူ

ထို့အပြင် လွတ်လပ်သော သတင်းမီဒီယာကောင်စီသည်လည်း ၂၀၂၃ခုနှစ် နောက်ပိုင်းမှသာ ပေါ်ပေါက်လာခြင်းဖြစ်ပြီး လုပ်ငန်း စဉ်များ နောက်ကျနေခြင်းကလည်း ပါဝင်ခွင့်ကို အကန့်အသတ် ဖြစ်စေသည်။

# ၇။ အကြံပြုချက်များ

## ၇.၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ဖက်ဒရယ်ယူနစ်များအတွက်

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် မူဝါဒစံနှုန်းတခုတည်း သတ်မှတ်ထုတ်ပြန်ရန် - အမျိုးသားညီညွတ်ရေး အစိုးရနှင့် ဖက်ဒရယ်ယူနစ်များသည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) ကို အခြေခံ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် သတင်းရယူပိုင်ခွင့်တို့ကို အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အနည်းဆုံး စံနှုန်းများ (minimum standards) ကို တနိုင်ငံလုံးအဆင့်ဖြင့် သတ်မှတ်ထုတ်ပြန်သင့်သည်။ ဤစံနှုန်းများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် အခြေအနေများကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ တရားဥပဒေနှင့်ညီညွတ်မှု၊ မဖြစ်မနေလိုအပ်မှု၊ အချိုးအစားညီမျှမှု စံနှုန်းများအတိုင်း တိတိကျကျ ဖော်ပြရမည် ဖြစ်သည်။

- ယေဘုယျဆန်သော အသုံးအနှုန်းများကို တိကျစွာ အဓိပ္ပါယ်ဖော်ပြရန် - အများပြည်သူ လုံခြုံရေး၊ အများပြည်သူ အကျိုးစီးပွား၊ ဂုဏ်သိက္ခာ ထိခိုက်မှု၊ ပြည်သူ့ ကိုယ်ကျင့် တရား စသည့် ယေဘုယျ အသုံးအနှုန်းများသည် အခွင့်အရေးကို အလွန်အကျွံ ကန့်သတ်နိုင်သည့် အန္တရာယ်ရှိသဖြင့်၊ NUG နှင့် ဖက်ဒရယ်ယူနစ်များအနေဖြင့် ယင်းအသုံးအနှုန်းများ၏ အနက်အဓိပ္ပါယ်၊ အသုံးချနိုင်သည့် နယ်ပယ်နှင့် ကန့်သတ်ချက်များကို မူဝါဒလမ်းညွှန်ချက်များဖြင့် သတ်မှတ်သင့်သည်။

- ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ပြန်လည်သုံးသပ်ခြင်း:- မန္တလေးဒေသ ကြားကာလ နိုင်ငံရေးအစီအမံ (မူကြမ်း)မှ ပုဒ်မ ၁၅၁ ကဲ့သို့သော အာဏာပိုင်များကို တရားစွဲဆိုခွင့် ပိတ်ပင်ထားသည့် ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သင့်သည်။

- လူအုပ်စု အခွင့်အရေးများနှင့် ယဉ်ကျေးမှု အခွင့်အရေးများသည် ဖက်ဒရယ်စနစ်အတွက် အရေးကြီး သော်လည်း၊ ယင်းအခွင့်အရေးများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ချိတ်ဆက်မထားပါက အုပ်စုအမည်ဖြင့် တဦးချင်း၏ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် အသုံးချနိုင်သည့် အန္တရာယ်ရှိသည်။ ထို့ကြောင့် လူအုပ်စု အခွင့်အရေးများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ အကြား ဟန်ချက်ညီညီ ထိန်းညှိသည့် မူဝါဒရှင်းလင်းချက်များ ကို ထည့်သွင်းရေးဆွဲသင့်သည်။

## ၇.၂။ ဒေသဆိုင်ရာ စစ်ရေး/အုပ်ချုပ်ရေး ခေါင်းဆောင်များအတွက်

- လုံခြုံရေး အကြောင်းပြချက်ဖြင့် ကန့်သတ်မှုများအတွက် လုပ်ထုံးလုပ်နည်း သတ်မှတ်ရန်
  ဒေသဆိုင်ရာ စစ်ရေးနှင့် အုပ်ချုပ်ရေးခေါင်းဆောင်များသည် လုံခြုံရေး အကြောင်းပြချက်ဖြင့် သတင်း ရယူမှု သို့မဟုတ် ထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်ရာတွင် အမိန့်စာ၊ ကာလကန့်သတ်ချက်၊ ပြန်လည် သုံးသပ်နိုင်သည့် နည်းလမ်းများ ပါဝင်သည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် ဖြစ်သည်။ မူလ အခြေအနေ အဆုံးသတ်သွားပါက ကန့်သတ်ချက်ကို အလိုအလျောက် ရုပ်သိမ်းရမည် ဖြစ်သည်။

- သတင်းမီဒီယာနှင့် ဆက်သွယ်ရေးအတွက် ဒေသအလိုက် သတင်းမီဒီယာ ဆက်သွယ်ရေးတာဝန်ခံ (media focal person)တဦး သတ်မှတ်ခန့်ထားသင့်သည်။

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် ပတ်သက်၍ အာဏာပိုင်များက မတရား ဖမ်းဆီးခြင်း၊ post ဖျက်ခိုင်း ခြင်းများ ဖြစ်ပေါ်ပါက အရေးယူနိုင်သည့် အတွင်းပိုင်း တိုင်ကြားမှု ယန္တရား ကို ဖန်တီးထားသင့်သည်။

## ၇.၃။ အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအတွက်

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လုံခြုံရေးနှင့် ဆန့်ကျင်ဘက် မဟုတ်ကြောင်း အဆိုပြုခြင်း
  အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ကို လုံခြုံရေး၏ ရန်သူအဖြစ် မမြင်ဘဲ၊ တော်လှန်ရေးအုပ်ချုပ်ရေး၏ တရားဝင်မှုကို မြှင့်တင်ပေးနိုင်သည့် အရာအဖြစ် ပုံဖော်၍ မူဝါဒဆိုင်ရာ အဆိုပြုချက်များကို တင်ပြသင့်သည်။

- ပြဿနာ ဖြေရှင်းမှုကိုပါ ဦးတည်သည့် စည်းရုံးလှုံ့ဆော်မှု (Solution-Oriented Advocacy): လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်၍ အာဏာပိုင်များကို ကန့်ကွက်ရုံ သက်သက် မဟုတ်သည့် နည်းလမ်းများကို တွဲဖက်တင်ပြသင့်သည်။ (ဥပမာ - စစ်ရေးသတင်း ထုတ်ပြန်မှုဆိုင်ရာ လမ်းညွှန်ချက် (Reporting Guideline) ကို မီဒီယာများဘက်က ရေးဆွဲပြီး အာဏာပိုင်များနှင့် ညှိနှိုင်းခြင်း)။

- မြေပြင် ချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ရန်
  ဥပဒေတွင် အသိအမှတ်ပြုထားသော်လည်း လက်တွေ့မြေပြင်တွင် ဖြစ်ပေါ်နေသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများကို ဒေသအလိုက်၊ အမျိုးအစား

အလိုက် စနစ်တကျ မှတ်တမ်းတင်ခြင်းဖြင့် မူဝါဒဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းအတွက် အခြေခံအချက်အလက်များ တည်ဆောက်သင့်သည်။

- ပြည်သူလူထုအတွက် ဒစ်ဂျစ်တယ် လုံခြုံရေး လမ်းညွှန်များ: အထူးသဖြင့် မန္တလေးကဲ့သို့သော စစ်တပ် ထိန်းချုပ်ရာနေရာများနှင့် ရောစပ်နေသည့် ဒေသများတွင် မိမိကိုယ်ကို ဆင်ဆာဖြတ်ခြင်း လျော့ကျ စေရန်နှင့် ဘေးကင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရမည့် နည်းလမ်းများနှင့် ဒစ်ဂျစ်တယ် လုံခြုံရေးဆိုင်ရာ အသိပညာပေးမှုများကို အရပ်ဘက်အဖွဲ့ များက ဦးဆောင်ပြုလုပ်သင့်သည်။

## ကိုးကားချက်များ


- ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ။ *(၂၀၂၃)*။ ကြားကာလ စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများ။
- 
- မန္တလေးတိုင်း လွှတ်တော်ကိုယ်စားပြု ကော်မတီ။ *(၂၀၂၅)*။ မန္တလေးဒေသ ကြားကာလ နိုင်ငံရေး အစီအမံ။
- 
- စစ်ကိုင်း ဖက်ဒရယ်ယူနစ်လွှတ်တော်။ *(၂၀၂၅)*။ စစ်ကိုင်းဖက်ဒရယ်ယူနစ် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေ။
- လူ့အခွင့်အရေး ကြေငြာစာတမ်း *(UDHR)* အပိုဒ် ၁၉
- အပြည်ပြည်ဆိုင်ရာ နိုင်ငံသားရေးနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်
- အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ။ *(၂၀၂၂)*။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် *(အပိုင်း-၁)*။
- 
- အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ။ *(၂၀၂၂)*။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် *(အပိုင်း-၂)*။
- ဂျရက် ဘစ်ဆင်းဂါး (၂၀၂၅ မေလ) “မြန်မာနိုင်ငံရှိ နိုင်ငံတော်မဟုတ်သော အုပ်ချုပ်ရေးအဖွဲ့များ၏ စီးပွားရေး စီမံအုပ်ချုပ်မှု - အလားအလာများနှင့် စိန်ခေါ်မှုများ (သို့မဟုတ်) ကျရောက်နိုင်သော အန္တရာယ်များ” ISEAS Publishing
- နော့ ဒီစီ (၁၉၉၀) အဖွဲ့အစည်းများ၊ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုနှင့် စီးပွားရေး စွမ်းဆောင်ရည်။ ကင်းဘရေ့ချ်၊ အင်ဂလန်၊ ကင်းဘရေ့ချ် တက္ကသိုလ်ပုံနှိပ်တိုက်။